# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဝါခေါင်လဆန်း ၄ရက်၊ ၂၀၁၀ ခုနှစ်၊ ဩဂုတ် ၁၄ရက်၊ စနေနေ့၊ အတွဲ(၄၉)၊ အမှတ်(၃၁၃)


**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများ

## ၂၀၁၀ပြည့်နှစ် နိုဝင်ဘာ ၇ ရက် ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၁၃**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၈၉/၂၀၁၀) ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

**ကြေညာချက်အမှတ်(၈၉/၂၀၁၀)**

**၁၃၇၂ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်**
**(၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၃ရက်)**

**လွှတ်တော်အသီးသီးအတွက်**
**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများ**
**ကျင်းပမည့်နေ့ရက် သတ်မှတ်ကြေညာခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေ ပုဒ်မ ၈ ပါ တာဝန်နှင့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၄ (ဂ)နှင့် နည်းဥပဒေ ၁၆(က) တို့အရ ၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ရက် (၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ရက်) တနင်္ဂနွေနေ့တွင် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သတ်မှတ်ကြေညာလိုက်သည်။

**(ပုံ) သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့

## ယင်းတို့၏ ပါတီဝင်အင်အားစာရင်းများ လာရောက်တင်ပြ

**နေပြည်တော် ဩဂုတ် ၁၃**

နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၃(က)နှင့်အညီ ယင်းတို့စည်းရုံးရရှိပြီးသော ပါတီဝင်အင်အားစာရင်းများကို မှတ်ပုံတင်ခွင့်ရရှိသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရန်ရှိရာ ယနေ့တွင် ကယန်းအမျိုးသားပါတီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်း လာရောက်တင်ပြခဲ့သည်။

ယနေ့အထိ ကော်မရှင်က မှတ်ပုံတင်ခွင့်ပြုပြီးသည့် ပါတီ (၄၀) ရှိရာတွင် သတ်မှတ်ရက်အတွင်း ပါတီဝင်အင်အားစာရင်းတင်ပြပြီးသည့် ပါတီမှာ (၁၅)ပါတီ ရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်း တင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းတို့နှင့်စပ်လျဉ်းသည့် နေ့ရက်များ သတ်မှတ်ကြေညာခြင်း

**နေပြည်တော် ဩဂုတ် ၁၃**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ်(၉၀/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

**ကြေညာချက်အမှတ်(၉၀/၂၀၁၀)**

**၁၃၇၂ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်**
**(၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၃ ရက်)**

**လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ**
**အမည်စာရင်း တင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းတို့နှင့်စပ်လျဉ်းသည့်**
**နေ့ရက်များ သတ်မှတ်ကြေညာခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၁၆ ပါ လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် အောက်ပါနေ့ရက်များကို သတ်မှတ်ကြေညာလိုက်သည်-

| | | |
|---|---|---|
| (က) | လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းစတင်တင်သွင်းနိုင်သည့်နေ့ရက် | ၁၃၇၂ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက် (၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၆ ရက်) |
| (ခ) | လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းနိုင်သည့် နောက်ဆုံးနေ့ရက် | ၁၃၇၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ရက် (၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ ၃၀ ရက်) |
| (ဂ) | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာများ စိစစ်မည့်နေ့ရက် | ၁၃၇၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်မှ တော်သလင်းလဆန်း ၂ ရက်အထိ (၂၀၁၀ ပြည့်နှစ်၊ စက်တင်ဘာလ ၆ ရက်မှ ၁၀ ရက်အထိ) |
| (ဃ) | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာများကို ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်သည့် နောက်ဆုံးနေ့ရက် | ၁၃၇၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ရက် (၂၀၁၀ ပြည့်နှစ်၊ စက်တင်ဘာလ ၃ ရက်) |

**(ပုံ) သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

(၂၀၁၀ ခုနှစ် ဩဂုတ် ၁၄ ရက်)

# သန့်ရှင်းသောသောက်သုံးရေ ရေရှည်သုံးစွဲနိုင်ရေး စက်ရေတွင်းများထိန်းသိမ်း

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး (၁၈)ကြိမ်မြောက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဩဂုတ်လ ၁၀ရက်နေ့က နေပြည်တော် ဥတ္တရသီရိမြို့ရှိ Mount Pleasant Hotel ၌ ကျင်းပခဲ့သည်။

ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေ ၁၀နှစ်စီမံကိန်းကို ၂၀၀၀-၂၀၀၁ဘဏ္ဍာရေးနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့ရာ နိုင်ငံတော်ထောက်ပံ့ငွေ၊ စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေအပြင် စေတနာရှင်ပြည်သူများမှ လှူဒါန်းငွေ၊ လူမှုရေးအသင်းအဖွဲ့များနှင့် နိုင်ငံတကာလူမှုရေးအသင်းအဖွဲ့များမှ ဝိုင်းဝန်းကူညီမှုများဖြင့် ဆောင်ရွက်လျက်ရှိသည်။

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ပထမဦးစားပေးအဖြစ် ကျေးရွာတစ်ရွာလျှင် စက်ရေတွင်းတစ်တွင်းစီ ဆောင်ရွက်ပေးခဲ့ပြီး ရေဖူလုံရေးအတွက် ကျေးရွာ၏အိမ်ခြေ လူဦးရေအပေါ်မူတည်ပြီး စက်ရေတွင်းများကို ကျေးရွာတစ်ရွာလျှင် နှစ်တွင်းမှသုံးတွင်း အထိတူးဖော်ပေးရန် ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ အပူပိုင်းဒေသ တိုင်းသုံးတိုင်းဖြစ်သည့် စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့မှ ကျေးရွာ ၈၀၄၂ ရွာတွင် ၁၀၀ရာခိုင်နှုန်း၊ အခြားပြည်နယ်နှင့်တိုင်းများမှ ကျေးရွာ ၁၅၁၈၃ရွာတွင် ၁၀၀ရာခိုင်နှုန်း သန့်ရှင်းသော သောက်သုံးရေရရှိရန် ဆောင်ရွက်နိုင်ခဲ့သည်။ ပြည်နယ်နှင့် တိုင်းအားလုံးရှိ ကျေးရွာပေါင်း ၂၃၂၂၅ရွာတွင် ၁၀၀ရာခိုင်နှုန်း သန့်ရှင်းသောသောက်သုံးရေရရှိရန် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး (၁၈)ကြိမ်မြောက် အလှူငွေပေးအပ်ပွဲတွင် အလှူရှင် ၁၁၁ဦးတို့က အလှူငွေစုစုပေါင်းငွေကျပ် ၂၄၃၄ဒသမ ၃၀သိန်းကို ပေးအပ်လှူဒါန်းခဲ့သည်။

ရေသည် သဘာဝကပေးထားသည့် ဆေးတစ်ပါးဖြစ်သည်။ ငွေကိုမလို ရေကိုသာလိုသည် စကားအရ ရေ၏တန်ဖိုးသည် ကြီးမားသည်။ လူတို့အတွက် ရေသည် နေ့စဉ်လုံလောက်စွာရရှိရန် လိုအပ်သည်။ ထို့ကြောင့် အလှူရှင်များ၏စေတနာကို တန်ဖိုးထားပြီး တူးဖော်ပြီးသော စက်ရေတွင်းများကို စနစ်တကျသုံးစွဲ...

စက်ရေတွင်းများကို စည်းကမ်းရှိရှိအသုံးပြုပြီး စက်ရေတွင်းများ ရေရှည်အသုံးပြုနိုင်ရေးအတွက် ဒေသခံပြည်သူများ ထိန်းသိမ်းစောင့်ရှောက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။



## ဝန်ကြီး ဦးခင်မောင်မြင့်အား ကိုရီးယားသမ္မတနိုင်ငံ POSCO Company မှ Chairman နှင့်အဖွဲ့လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၃

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်အား ကိုရီးယားသမ္မတနိုင်ငံ POSCO Company မှ Chairman, Mr. Chung, Joon Yang နှင့်အဖွဲ့သည် ဩဂုတ် ၁၁ရက် နံနက် ၈နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး၏ရုံးခန်း၌ လာရောက်တွေ့ဆုံသည်။** (အပေါ်ပုံ)

ယင်းသို့ တွေ့ဆုံရာတွင် POSCO Company အနေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော လမ်း၊ တံတား တည်ဆောက်ရေးလုပ်ငန်းများနှင့် မြို့ပြဆိုင်ရာ အဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



### ရေတင်စက်ရုံတည်ဆောက်

**သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးရေးလုပ်ငန်းအတွက် ရေစင်အမှတ်(၁)ရှိရေတင်စက်ရုံတည်ဆောက်ခြင်းလုပ်ငန်းကို ဇွန် ၈ရက်က အမှုဆောင်အရာရှိ ဦးမောင်တိုး ကြပ်မတ်လျက် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးထွန်းကျော်ဇောနှင့်အဖွဲ့ ဆောင်ရွက်ကြစဉ်။**

(မြို့နယ်စည်ပင်)

## ယာဉ်နှင့်လမ်းစည်းကမ်း ပညာပေးဟောပြောပွဲများ မော်လမြိုင်၌ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၃

မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် မော်လမြိုင်မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့က ကြီးမှူးကျင်းပသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၇ရက် နံနက်ပိုင်းတွင် မော်လမြိုင်မြို့နယ် နောင်ခရီကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ကျေးရွာဥက္ကဋ္ဌ ဦးညွန့်လွင်က အမှာစကားပြောကြားပြီး မြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့မှ ရဲအုပ်အေးမင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်းကိုလည်းကောင်း၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက စက်ဘီးစီးသူများ၊ ခြေကျင်လျှောက်သူများ၊ ဆိုင်ကယ်စီးသူများလိုက်နာရမည့် စည်းကမ်းချက်များနှင့် လက်အချက်ပြစနစ်များကို လည်းကောင်း ရှင်းလင်းဟောပြောရာ ယာဉ်ထိန်းတပ်ဖွဲ့က ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း အသိပညာပေးဗီဒီယိုခွေနှင့် လက်ကမ်းစာစောင်များကို ကျေးရွာဥက္ကဋ္ဌထံ ပေးအပ်သည်။

**အသိပညာပေး**

အလားတူ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၁ရက် နံနက်ပိုင်းက ကျွဲခြံကုန်းကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ကျေးရွာဥက္ကဋ္ဌ ဦးစိုးဝင်းက အမှာစကားပြောကြားပြီး မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့မှ ရဲအုပ်လှထွန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ရှင်းလင်း ဟောပြောပို့ချကြကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဗီဒီယိုခွေနှင့် လက်ကမ်းစာစောင်များကိုကျေးရွာဥက္ကဋ္ဌထံ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၀၁၄)

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၈-၂၀၁၀ (စနေနေ့)

**နံနက်ပိုင်း**

၅:၀၀ MRTV-4အဖွင့် Logo၊ ပဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ ဇောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **အဘိဓမ္မာပဌာန်း** တရားတော် (ဆရာတော် ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ)
၇:၀၀ MRTV-4 သတင်း
၇:၄၅ ရန်ကုန်မြင်ကွင်းကျယ် (E Trade Myanmar Co., Ltd. ၏ ကမ္ဘာ့ဖလားအဖြေမှန်ခန့်မှန်းပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား)
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၇၇)
၈:၃၅ Hip Hop Acoustics Live Show (Part-3)
၉:၂၀ Activities in the City (မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ၁/၂၀၁၀ရုပ်ရှင်ဗီဒီယို သရုပ်ဆောင်သင်တန်းရွေးချယ်ပွဲ)
၉:၄၅ Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀:၄၅ ပညာအလင်းဝေဖြာစေရာ မြင်သာမြို့ဦး မေတ္တာရိပ်အောက်မှာ…
၁၁:၀၅ ကြည်လင်ဝင်းပ သဘာဝဆေးစွမ်းအလှ
၁၁:၂၅ အသုံးဝင်မှုများစွာနှင့် ရေကြောင်းသုံး GPS
၁၁:၄၀ ပန်းချီပြခန်း (July Rain ပန်းချီပြပွဲ)
၁၁:၅၅ ကုသိုလ်ဖြစ်ကျန်းမာရေး ဝန်ဆောင်မှု Lumine Perfect Health
၁၂:၁၅ မြတ်နိဗ္ဗာန်သောင်ကမ်းသို့ရည်… ဖားအောက်တောရစခန်းမှသည်
၁၂:၄၀ Activities in the City (မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ၁/၂၀၁၀ရုပ်ရှင်ဗီဒီယို သရုပ်ဆောင်သင်တန်းရွေးချယ်ပွဲ)
၁:၀၀ **အဘိဓမ္မာပဌာန်း** တရားတော် (ဆရာတော် ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ)
၂:၀၀ MRTV-4 သတင်း
၂:၄၅ သွားမယ်စားမယ် (Cafe'47)
၃:၂၀ ပြည်နယ်ဂုဏ်ဆောင် ငွေတောင်ဆည်
၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၇၇)
၄:၁၅ ကုသိုလ်ဖြစ်ကျန်းမာရေး ဝန်ဆောင်မှု Lumine Perfect Health
၄:၃၀ ကြည်လင်ဝင်းပ သဘာဝဆေးစွမ်းအလှ
၄:၄၅ ပညာအလင်းဝေဖြာစေရာ မြင်သာမြို့ဦး မေတ္တာရိပ်အောက်မှာ…
၅:၁၀ Talent Show [အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ် (ရန်ကုန်)၏ အနုပညာ တင်ဆက်မှုများ]
၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀ MRTV-4 သတင်း
၆:၂၀ Hip Hop Acoustics Live Show (Part-4)
၇:၀၀ Shooting Making (မ တစ်ကိုယ် ကျားတစ်ကိုယ် ဇာတ်ကားရိုက်ကူးမှုမြင်ကွင်း)
၇:၁၅ သွားမယ်စားမယ် (Cafe'47)
၇:၄၀ ရန်ကုန်မြင်ကွင်းကျယ် (E Trade Myanmar Co., Ltd. ၏ ကမ္ဘာ့ဖလားအဖြေမှန်ခန့်မှန်းပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား)
၈:၀၀ MRTV-4 သတင်း
၈:၂၅ Barclays Premier League **Blackburn Vs Everton**
၁၀:၂၅ စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
၁၀:၅၅ Barclays Premier League Chelsea Vs Westbromwich
၁၂:၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၇၇)
၁:၀၀ အစီအစဉ်ပြီး၏။

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**Barclays Premier League ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၆:၁၀ | Tottenham-Man City | ESPN (Live) |
| ၈:၂၅ | Aston Villa-Westham | ESPN (Live) |
| | Blackburn-Everton | Star Sports (Live) |
| ၁၀:၅၅ | Chelsea-Westbromwich | ESPN (Live) |
| ၁၁:၀၀ | Wolverhampton-Stoke City | Star Sports (SDD) |

## သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

# ပုသိမ်-မုံရွာလမ်းမကြီး၏ စစ်ကိုင်းတိုင်းအပိုင်း ပြုပြင်ဆောင်ရွက်မှု ဒုတိယဗိုလ်ချုပ်ကြီးသာအေး လိုက်လံစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာမှာကြား

နေပြည်တော် ဩဂုတ် ၁၃

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၁၁ရက်တွင် ချင်းတွင်းတံတား (မုံရွာ) ကွဲ့ခိုင်မှုအခြေအနေနှင့် မုံရွာ-ယင်းမာပင်လမ်းပိုင်းတို့ကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။**

## ကြည့်ရှုစစ်ဆေး

ထို့နောက် ယင်းမာပင်မြို့နယ် ရွှေတောင်ဦးသို့ ရောက်ရှိပြီး ရွှေတောင်ဦး ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးမှာကြားသည်။

ဆက်လက်၍ ယင်းမာပင်မြို့နယ် အောင်ဇေယျစစ်မှုထမ်းဟောင်းအိမ်ရာ စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိပြီး တာဝန်ရှိသူတစ်ဦး၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ ရှင်းလင်းတင်ပြမှုအပေါ် ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်ချက်များ မှာကြားပြီး လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မုံရွာ-ပုသိမ်လမ်းမကြီး၏ စစ်ကိုင်းတိုင်းအပိုင်း လမ်းလုပ်ငန်းပြုပြင်ဆောင်ရွက်မှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် အဆင့်မြင့်ကုန်စည်ဒိုင် တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

## စိုက်ပျိုး

ယင်းနောက် မုံရွာမြို့ ပြည်ထောင်စုလမ်းမကြီးအား အပိုင်းလိုက် လုပ်ငန်းဆောင်ရွက်နေမှုတို့ကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးပြီး မုံရွာကွန်ပျူတာတက္ကသိုလ်ရှေ့၌ ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ သတ်မှတ်နေရာ၌ အထိမ်းအမှတ်သစ်ပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများက သစ်ပင်များကို စိုက်ပျိုးပေးကြ၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် တိုင်းမှူးတို့က ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ သစ်ပင်စိုက်ပျိုးနေမှုတို့ကို လိုက်လံကြည့်ရှု အားပေးကြပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက ကွန်ပျူတာတက္ကသိုလ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် အလှူငွေများကို ပေးအပ်သည်။

## ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် မုံရွာ - အရာတော်လမ်း ပြုပြင်ဆောင်ရွက်နေမှုနှင့် လမ်းပိုင်း အခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေး၍ ဝါးတန်းကျေးရွာ၌ တောင်သူတစ်ဦးစိုက်ပျိုးထားသော ပဲစင်းငုံနှင့် ငွေချည်(၆)ချည်မျှင်ရှည်ဝါ သီးညှပ်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် အရာတော်မြို့ရှိ ရေလှံ့တွင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အရာတော်မြို့ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်မှုတို့ကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

## ရင်းရင်းနှီးနှီးတွေ့ဆုံ

ယင်းနောက် ကျေးရွာပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြင်းမူမြို့နယ် ခွက်ခွင်းတိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံတက်လူနာများအား အားပေးစကားပြောကြား၍ လက်ဆောင်ပစ္စည်းနှင့် ဆေးပဒေသာပင် အလှူငွေများကိုလည်းကောင်း၊ ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက ဆေးဝါးပစ္စည်းများကိုလည်းကောင်း ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မင်းရွာနှင့်အနီးပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

## ဆုချီးမြှင့်

ထိုမှတစ်ဆင့် ပျော့ရွာကျေးရွာသို့ ရောက်ရှိပြီး ကောက်စိုက်သမများ ကောက်စိုက်နေမှုကို ကြည့်ရှုအားပေးကာ တိုင်းမှူးက ကောက်စိုက်သမများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ကျေးရွာပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ ပျော့ရွာလျှပ်စစ်မြစ်ရေတင်လုပ်ငန်းနှင့် စစ်ကိုင်းမြို့ ဆင်တပ်ကျေးရွာအနီးရှိ ဆင်တပ်လျှပ်စစ်မြစ်ရေတင်လုပ်ငန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကာ လယ်မြေ၌ ကောက်စိုက်သမများ ကောက်စိုက်နေမှုတို့ကို ကြည့်ရှုအားပေး၍ တိုင်းမှူးက ကောက်စိုက်သမများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

## တွေ့ဆုံ

ယင်းနောက် မိုးစပါးစိုက်ပျိုးထားရှိမှုနှင့် ပင်မမြောင်းတစ်လျှောက် မော်တော်ယာဉ်ဖြင့် လိုက်လံကြည့်ရှုစစ်ဆေးပြီး စစ်ကိုင်းမြို့နယ် ကုန်းရွာကျေးရွာ၌ စိုက်ပျိုးထားသည့် ငွေချည် (၆) ချည်မျှင်ရှည်ဝါ စိုက်ခင်းနှင့် ဝါနမူနာများ၊ စိုက်ပျိုးရေပေးဝေနေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ ဒေသခံတောင်သူများအား တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် အုန်းတော-စစ်ကိုင်းလမ်းပိုင်း အခြေအနေများနှင့် အမှတ်(၃)ခရိုင်ချင်းဆက်လမ်းကတ္တရာခင်းထားရှိမှုတို့ကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မိုင်တိုင်အမှတ် (၃/၂)သို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက စစ်ကိုင်းစက်မှုဇုန် (တိုးချဲ့)တည်ဆောက်မည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြ၍ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်ချက်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





## ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး စစ်ကိုင်းမြို့ရှိ ဆင်တပ်လျှပ်စစ်မြစ်ရေတင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ်က ခန့်အပ်လွှာပေးအပ်



နေပြည်တော် ဩဂုတ် ၁၃

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ်အဖြစ် ခန့်အပ်မည့် ဒေါက်တာ ဟားဘတ်တန်နာကွန်း၏ ခန့်အပ်လွှာကို ဩဂုတ်၁၃ရက် ညနေ ၃ နာရီက နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဆွေနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ငှက်ဖျားရောဂါတိုက်ဖျက်ရေးဆိုင်ရာ ကျန်းမာရေးအရာရှိ ဒေါက်တာလီယိုနာဒ် အော်တီဂါတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# အခြေခံပညာကျောင်းများရှိ ကျောင်းသားကျောင်းသူများ၏ ကျန်းမာရေး၊ အစာအာဟာရ၊ ဉာဏ်ရည်မြင့်မားမှု မိုးရာသီရက်သတ္တပတ်လှုပ်ရှားမှု ကျင်းပ

ရန်ကုန် ဩဂုတ် ၁၃

၂၀၁၀ ပညာသင်နှစ်အတွင်း ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ အခြေခံပညာကျောင်းများရှိ ကျောင်းသား ကျောင်းသူများ၏ ကျန်းမာရေးအသိပညာပေးမှု၊ အစာအာဟာရ၊ ဉာဏ်ရည်မြင့်မားမှု၊ အရိုးအဆစ်များ ကျန်းမာသန်စွမ်းမှု၊ ပျော်ပွဲရွှင်ပွဲနှင့် ဉာဏ်စမ်းဗဟုသုတပဟေဠိ ပြိုင်ပွဲများကို Myanmar Distribution Co., Ltd. Calsome ကွေကာ၏ စီစဉ်မှုဖြင့် ဩဂုတ် ၅ ရက်က ရန်ကုန်တိုင်း လှည်းကူးမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အစီအစဉ်အရ ဦးမောင်မောင်အေး (Dream Boat) က ကျောင်းသား ကျောင်းသူများ၏ ကျန်းမာရေးအသိပညာပေးမှု၊ ဉာဏ်ရည်မြင့်မားမှု၊ အရိုးအဆစ်များ ကျန်းမာသန်စွမ်းမှုနှင့် အစာအာဟာရ လိုအပ်ချက်များကို Foot Pyramid ပုံစံကားချပ်ဖြင့် အသေးစိတ်ရှင်းလင်းပြသပြီး (I Want To Be Healthy, Strong Fast, Smart)ဆိုသည့် စာတန်း၏ အဓိပ္ပာယ်များကို ဆင်၊ ကျားသစ်၊ ယုန် အရုပ်လေးများဖြင့် ကလေးငယ်များအား အသိပညာပေး၍ ယင်းအရုပ်များဖြင့် Calsome Music ကို သီဆိုကပြကြကာ ကျောင်းသား ကျောင်းသူများအား ပျော်ပွဲရွှင်ပွဲများနှင့် ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲများကို ကျင်းပသည်။ ထို့နောက် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား Calsome ကွေကာနှင့် Myanmar Distribution Co., Ltd. မှ ထုတ်လုပ်သည့် လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ပြီး ယင်းအစီအစဉ်တွင် ပါဝင်ခဲ့ကြသည့် ပထမတန်းမှ ပဉ္စမတန်းအထိ ကျောင်းသား ကျောင်းသူ ၉၀၀ကျော်တို့အား Calsome ကွေကာ ဖြည့်စွက်အာဟာရများနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

## ဆက်လက်ကျင်းပ

ယင်းအစီအစဉ်များကို ၂၀၁၀ ခုနှစ် ဇွန်လနောက်ဆုံးပတ်မှ စတင်ကာ ယနေ့အထိ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ အခြေခံပညာ အထက်တန်းကျောင်းပေါင်း ၃၂ ကျောင်းရှိ ကျောင်းသား ကျောင်းသူများအား ကျင်းပပေးခဲ့ပြီးဖြစ်ရာ ဆက်လက်၍လည်း ကျန်ရှိနေသော ပြည်နယ်နှင့်တိုင်းများရှိ အခြေခံပညာ အထက်တန်းကျောင်းများတွင် ဆက်လက်ကျင်းပပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံ ဓာတ်ပုံအသင်း နှစ်(၆၀)ပြည့် မဂ္ဂဇင်းထုတ်မည်

ရန်ကုန် ဩဂုတ် ၁၃

မြန်မာနိုင်ငံ ဓာတ်ပုံအသင်း နှစ်(၆၀)ပြည့် မဂ္ဂဇင်းထုတ်ဝေရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ နိုင်ငံကျော်စာရေးဆရာ၊ ဓာတ်ပုံဆရာများ၏ နှစ်(၆၀) ဖြတ်သန်းခဲ့ရသော ဓာတ်ပုံ၊ ကိုယ်ရေးရာဇဝင်၊ သမိုင်းဖြစ်စဉ်များကို ဩဂုတ် ၂၀ရက် နောက်ဆုံးထား၍ ပေးပို့ကြရန် တစ်ပြည်လုံးရှိ ဓာတ်ပုံဆရာများအား ဖိတ်ခေါ်ထားပြီး မြန်မာနိုင်ငံဓာတ်ပုံအသင်း ၂၇×၂၉-၃၅လမ်း ကျောက်တံတားမြို့နယ် ဖုန်း- ၃၇၃၁၆၇ ဦးအောင်ထွန်းဝင်း (အတွင်းရေးမှူး)ထံ ပေးပို့နိုင်ကြောင်း သိရသည်။ **(၁၀၄)**

# စာဖတ်သူတိုးပွားရေးဟောပြောပွဲ ဒဂုံမြို့သစ်(မြောက်ပိုင်း) အထက(၁)၌ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၃

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးမှူးရုံးတို့ ပူးပေါင်းစီစဉ်မှုဖြင့် စာဖတ်သူတိုးပွားရေးဟောပြောပွဲကို ဩဂုတ် ၄ရက် နံနက် ၈နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သံလွင်ခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်ဝေက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ဦးစီးအရာရှိ ဦးတင်ကို**(ယာပုံ)**က စာဖတ်ခြင်းဓလေ့ ပျော်မွေ့ကြည်သာ ပြည်မြန်မာ ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့သည်။ အခမ်းအနားသို့ မြို့နယ်ဦးစီးမှူး ဒေါ်လှလှဌေးနှင့် ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**





စပိန်နိုင်ငံ အော်ရန်စီမြို့အနီး တောမီးလောင်ကျွမ်းမှုကြောင့် ရဟတ်ယာဉ်ဖြင့် မီးငြိမ်းသတ်နေသည်ကို ဩဂုတ် ၁၃ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

# ရုရှား၌ အထူးစက်မှုဇုန်ကြီးတစ်ခု ထူထောင်ရန် ရုရှားဝန်ကြီးချုပ် ဗလာဒီမာပူတင်ခွင့်ပြု

မော်စကို ဩဂုတ် ၁၃

**ရုရှားနိုင်ငံ ဆာမာရာဒေသတွင် အထူးစက်မှုဇုန်ကြီးတစ်ခုကို ထူထောင်ရန် ရုရှားဝန်ကြီးချုပ် ဗလာဒီမာပူတင်က ဩဂုတ် ၁၃ရက်၌ ခွင့်ပြုချက်လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ကြောင်း ရုရှားထိပ်တန်းအရာရှိများက ပြောကြားသည်။**

## တတိယ

ရုရှားနိုင်ငံတွင် ယခင်က အထူးစက်မှုဇုန်ကြီးနှစ်ခု ထူထောင်ပြီးဖြစ်ရာ ယခုအထူးစက်မှုဇုန်သည် တတိယမြောက်ဖြစ်သည်။ ယခင် ထူထောင်ထားပြီးသော အထူးစက်မှုဇုန်များမှာ လီပက်စကီဒေသနှင့် တာတာစတန်ဒေသတို့၌ ဖြစ်သည်။

## ထည့်ဝင်

အဆိုပါ အထူးစက်မှုဇုန် ထူထောင်ရန်အတွက် ဒေသဆိုင်ရာဘတ်ဂျက်မှ အမေရိကန်ဒေါ်လာ ၂၆ဒသမ ၆သန်းခန့်နှင့် ဗဟိုဘတ်ဂျက်မှ အမေရိကန်ဒေါ်လာ ၂၃၃သန်းခန့်ထည့်ဝင်ကာ အကုန်အကျခံ တည်ဆောက်မည်ဖြစ်သည်။ ယခုတည်ဆောက်မည့် အထူးစက်မှုဇုန်ကြောင့် အလုပ်အကိုင်သစ် ၂၀၀၀၀ကျော် ဖန်တီးပေးနိုင်မည် ဖြစ်ကြောင်း ရုရှားအရာရှိများက ပြောကြားသည်။ **(အင်တာနက်)**

# နှစ်ပေါင်း ၂၂၀၀ကရွှေဒင်္ဂါး အစ္စရေး၌ တွေ့ရှိ

*ဂျေရုဆလင် ဩဂုတ် ၁၃*

*အစ္စရေးနိုင်ငံတွင် လွန်ခဲ့သော နှစ်ပေါင်း ၂၂၀၀က ရှားပါးရွှေဒင်္ဂါးပြားတစ်ပြား တွေ့ရှိခဲ့ကြောင်း အစ္စရေးရှေးဟောင်းသုတေသနပညာရှင်များက ပြောကြားသည်။*

## *တွေ့ရှိ*

*အဆိုပါဒင်္ဂါးကို အစ္စရေးနိုင်ငံ တယ်ကီဒက်ရှ်အရပ် လက်ဘနွန်နယ်စပ်၌ ဇွန် ၂၂ရက်က တွေ့ရှိခဲ့ခြင်းဖြစ်သည်။*

## *ပါရှိ*

*၎င်းရွှေဒင်္ဂါးပြားသည် အလေးချိန် ၁ အောင်စရှိပြီး ထိုခေတ်က အလေးဆုံး ဒင်္ဂါးဖြစ်ကြောင်း ရှေးဟောင်းသုတေသနပညာရှင် ဒိုနယ်အရီရယ်က ပြောကြားသည်။ ရွှေဒင်္ဂါးပြားတွင် ကလီယိုပါထရာ၏ ဦးခေါင်းပုံ ပါရှိသည်ဟုဆိုသည်။*

*(အောက်ပုံ) (အင်တာနက်)*



# ရာသီဥတုကြောင့် ကောက်ပဲသီးနှံများ စိုက်ပျိုးမှုထိခိုက် ဂျုံနှင့် ဆန်များ ဘင်္ဂလားဒေ့ရှ် တင်သွင်းမည်

ဒါကာ ဩဂုတ် ၁၃

ရာသီဥတုဆိုးရွားမှုကြောင့် ကောက်ပဲသီးနှံစိုက်ပျိုးထုတ်လုပ်မှု ထိခိုက်ခဲ့ရသဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ပြည်ပမှ စားနပ်ရိက္ခာတန်ချိန် ၈၀၀၀၀ကို တင်သွင်းရန် ဆုံးဖြတ်ထားကြောင်း ဘင်္ဂလားဒေ့ရှ်အစိုးရက ဩဂုတ် ၁၂ရက်၌ သတင်းထုတ်ပြန်သည်။

## တန်ချိန်

ထိုသို့ ပြည်ပမှ စားနပ်ရိက္ခာတင်သွင်းရာတွင် ဂျုံတန်ချိန် ၅၀၀၀၀နှင့် ဆန်တန်ချိန် ၃၀၀၀၀ကျော်ကို တင်သွင်းရမည်ဖြစ်သည်။ ဂျုံများတင်သွင်းရာတွင် အမေရိကန်ဒေါ်လာ ၁၂သန်းခန့် သုံးစွဲရမည်ဖြစ်ပြီး ဆန်များတင်သွင်းရာတွင် အမေရိကန်ဒေါ်လာ ၁၃ဒသမ၇၈သန်း ကုန်ကျမည်ဖြစ်သည်။

## တင်သွင်း

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အဓိကအနေဖြင့် ဂျုံနှင့်ဆန်တို့ကို ပြည်ပမှတင်သွင်းနေရသော နိုင်ငံဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် လက်ရှိအချိန်၌ လူဦးရေ ၁၆၂ဒသမ ၂သန်းကျော်ရှိရာ နှစ်စဉ် အစားအစာတန်ချိန်များစွာကို ပြည်ပမှ တင်သွင်းနေရသည်။ **(အင်တာနက်)**



စင်ကာပူနိုင်ငံ၌ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှု မရှိအောင် တည်ဆောက်ထားသည့် အဆောက်အအုံတစ်ခုကို ဩဂုတ် ၁၃ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

# ဟွန်ဒါကား ၃၈၄၀၀၀ စီး စက်ချွတ်ယွင်းမှုကြောင့် ပြန်သိမ်းယူ

တိုကျို ဩဂုတ် ၁၃

ဟွန်ဒါမော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီသည် အမေရိကန်ကားဈေးကွက်မှ မော်တော်ကားစီးရေ ၃၈၄၀၀၀ကို စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုကြောင့် ပြန်လည်သိမ်းယူလျက်ရှိကြောင်း ၎င်းကုမ္ပဏီက ဩဂုတ် ၁၃ရက်၌ ကြေညာသည်။

အဆိုပါပြန်သိမ်းသည့်ကားများတွင် ၂၀၀၃ခုနှစ်ထုတ် အက်စ်ကော့ ၁၈၇၀၀၀စီးနှင့် စီဗစ် ၁၁၇၀၀၀စီးပါဝင်ကြောင်း၊ ၂၀၀၃ခုနှစ်နှင့် ၂၀၀၄ခုနှစ်ထုတ် အဲလီးမန့် ၆၉၀၀၀ စီးပါဝင်ကြောင်းသိရသည်။ ဟွန်ဒါကားကုမ္ပဏီသည် ၂၀၀၃ခုနှစ်နှင့် ၂၀၀၅ခုနှစ်တို့တွင်လည်း ထိုကဲ့သို့ပင် ချွတ်ယွင်းမှုများရှိ၍ ဈေးကွက်များမှကားများ ပြန်သိမ်းခဲ့ရကြောင်း၊ ယခုအကြိမ်မှာ တတိယအကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

# ကိုလံဘီယာ၌ ဗုံးပေါက်ကွဲ၊ ကိုးဦး ထိခိုက်ဒဏ်ရာရ

ဘိုဂိုတာ ဩဂုတ် ၁၃

ကိုလံဘီယာနိုင်ငံ၏ မြို့တော်ဘိုဂိုတာ၌ ဩဂုတ် ၁၂ရက်က ကားဗုံးပေါက်ကွဲခဲ့ကြောင်း၊ အနည်းဆုံး ကိုးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းပေါက်ကွဲမှုသည် ဘိုဂိုတာမြို့မြောက်ပိုင်း ကာရာကိုးလ်ရေဒီယိုစခန်းအပြင်ဘက်၌ နံနက် ၅နာရီခွဲက ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ အဆိုပါ ပေါက်ကွဲမှုမှာ ကားပေါ်တွင် ပေါင် ၁၁၀ခန့်ရှိ ပေါက်ကွဲစေသည့်အရာများ တင်ဆောင်၍ ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

# အီတလီ၌ ရဟတ်ယာဉ်ပျက်ကျ လေးဦးသေဆုံး

ရောမ ဩဂုတ် ၁၃

အီတလီနိုင်ငံ ရိုင်အမ်မိုရီမြို့အနီးတွင် ဩဂုတ် ၁၃ရက်က ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူ လေးဦးသေဆုံးခဲ့ကြောင်း အီတလီ လေကြောင်းအရာရှိများက ပြောကြားသည်။

## ပျက်ကျ

၎င်းရဟတ်ယာဉ်သည် ဆာလီနာမြို့အနီး အဲရိုလီအင်ကျွန်းရှိ အပန်းဖြေစခန်းသို့ ဦးတည်ပျံသန်းလာစဉ် မတော်တဆဖြစ်ရပ်ကြောင့် ပျက်ကျခဲ့ခြင်းဖြစ်သည်။

## စုံစမ်း

ရဟတ်ယာဉ်မှာ ပုဂ္ဂလိက ရဟတ်ယာဉ်ဖြစ်ပြီး ခရီးသွားဧည့်သည်လေးဦးကို တင်ဆောင်ပျံသန်းလာစဉ် မြေပြင်သို့ ပျက်ကျခဲ့ခြင်းဖြစ်ကာ မည်သည့်အတွက်ကြောင့် ပျက်ကျသည်ကို စုံစမ်းလျက်ရှိသည်။ **(အင်တာနက်)**

## နိုင်ငံခြားသတင်း စုစည်းဘာသာပြန်ဆိုသူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ တင်မာဝင်းနှင့် ဝင့်မာသွင်

# အီရန်၌ နျူစက်ရုံ လည်ပတ်ရန်အသင့်ရှိ

တီဟီရန် ဩဂုတ် ၁၃

အီရန်နိုင်ငံ၏ ပထမဆုံး နျူကလီးယားစက်ရုံကို စတင်လည်ပတ်အသုံးပြုရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း အီရန်ထိပ်တန်းအရာရှိတစ်ဦးက ဩဂုတ် ၁၃ရက်၌ ထုတ်ဖော်ပြောကြားလိုက်သည်။

## စမ်းသပ်

ဘူရှားနျူကလီးယားစက်ရုံကို ပြီးခဲ့သည့် ခြောက်လကတည်းက စတင်စမ်းသပ်လည်ပတ်ခဲ့ရာ အောင်မြင်မှုရရှိပြီးနောက် ယခုလို ထုတ်ဖော်ပြောကြားခဲ့ခြင်း ဖြစ်သည်။

## ပြောကြား

အီရန်နိုင်ငံ၏ နျူကလီးယားစွမ်းအင်ကို ပြည်သူတို့အတွက် အသုံးပြုမည်ဖြစ်ရာ အောင်မြင်အောင် ကြိုးစားမည်ဖြစ်ကြောင်း အီရန်သမ္မတအာမက်ဒီနီဂျက်က ပြောကြားသည်။ ဘူရှားနျူကလီးယားစက်ရုံကို အီရန်နိုင်ငံ၌ ၁၉၇၀ပြည့်နှစ်ကတည်းက တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ယခုမှ စတင်ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**



ပင်လယ်နီ ကြမ်းပြင်၌ လွန်ခဲ့သည့် နှစ်ပေါင်းများစွာက နစ်မြုပ်ခဲ့သည့် ကုန်တင်သင်္ဘော တစ်စင်းကို ဩဂုတ် ၁၃ ရက်က ဤသို့ တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)



# နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည်-စုစည်းသည်

## ရုရှား ကမ္ဘာလှည့်ခရီးသွားများအား ဗီဇာတိုးပေးမည်

*ရုရှားနိုင်ငံတစ်ဝန်းတွင် တောမီးများလောင်ကျွမ်းနေမှုကြောင့် ဂရိနိုင်ငံတွင် သောင်တင်နေသော ရုရှားကမ္ဘာလှည့် ခရီးသွားများအား ဗီဇာသက်တမ်းကို စက်တင်ဘာ ၁၀ရက်အထိ တိုးမြှင့်ပေးထားကြောင်း မော်စကိုရှိ ဂရိသံရုံးက ဩဂုတ် ၁၃ရက်၌ သတင်းထုတ်ပြန်သည်။*

## အစ္စတန်ဘူလ်လေဆိပ်၌ လေယာဉ်တစ်စင်းပြေးလမ်းချော်

*အဇာဘိုင်ဂျန်လေကြောင်းလိုင်းမှ ခရီးသည် ၁၁၉ဦးအား တင်ဆောင်ပျံသန်းလာသော လေယာဉ်တစ်စင်းသည် ဩဂုတ် ၁၃ရက် နံနက်က အစ္စတန်ဘူလ်လေဆိပ်သို့ အဆင်းတွင် ပြေးလမ်းချော်မှု ဖြစ်ပွားခဲ့ရာ ခရီးသည်များ အနည်းငယ် ဒဏ်ရာရရှိခဲ့ကြောင်း လေဆိပ်အရာရှိများက သတင်းထုတ်ပြန်သည်။* **(အောက်ပုံ)**



## အီကွေဒေါအလယ်ပိုင်း၌ အင်အားပြင်းငလျင်လှုပ်

*အီကွေဒေါနိုင်ငံ အလယ်ပိုင်း အမ်ဘာတိုမြို့ ကမ်းလွန်တွင် ဩဂုတ် ၁၃ရက် နံနက်က ရစ်ချ်တာစကေး ၇ဒသမ၂ရှိ အင်အားပြင်း ငလျင်လှုပ်ခဲ့ကြောင်း၊ အမ်ဘာတိုမြို့တွင် နေအိမ်အဆောက်အအုံအချို့ အနည်းငယ်ပျက်စီးခဲ့သော်လည်း ဆူနာမီသတိပေးချက် ထုတ်ပြန်ခြင်းမရှိကြောင်း ပြောကြားသည်။*

## လက်ဘနွန်တောင်ပိုင်း၌ ရဟတ်ယာဉ်တစ်စင်းပျက်ကျ

*လက်ဘနွန်နိုင်ငံတောင်ပိုင်း၌ ဩဂုတ် ၁၃ရက်က ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ ရဟတ်ယာဉ်ပေါ်လိုက်ပါလာသူ ခြောက်ဦးသေဆုံးခဲ့ကြောင်း လက်ဘနွန်အရာရှိများက ပြောကြားသည်။*

## နိုင်ဂျီးရီးယားတွင် လူနေအဆောက်အအုံပြိုကျ

*နိုင်ဂျီးရီးယားနိုင်ငံ အဘူဂျာမြို့တွင် ဩဂုတ် ၁၃ရက် နံနက်က သုံးထပ်လူနေအဆောက်အအုံတစ်ခု ပြိုကျခဲ့ကြောင်း၊ သေဆုံးသူ ၁၉ဦးရှိပြီဖြစ်ကြောင်း အဘူဂျာမြို့ ရဲတပ်ဖွဲ့က ပြောကြားသည်။*

## လက်ဘနွန်စစ်ဘက်အား ဆီးရီးယားကူညီမည်

*လက်ဘနွန်တပ်မတော် စွမ်းအားထက်မြက်စေရန် ဆီးရီးယားက အကူအညီများ ပေးမည်ဖြစ်ကြောင်း၊ ၎င်းအကူအညီများမှာ ငွေကြေး၊ လက်နက်နှင့်နည်းပညာများ ဖြစ်ကြောင်း ဩဂုတ် ၁၃ရက်၌ ဆီးရီးယားစစ်ဘက်က သတင်းထုတ်ပြန်သည်။*

## ကျူးဘားအလယ်ပိုင်း၌ တောမီးများလောင်ကျွမ်း

*ကျူးဘားနိုင်ငံအလယ်ပိုင်းဒေသများတွင် ဩဂုတ် ၁၃ရက်က တောမီးများ လောင်ကျွမ်းလျက်ရှိရာ မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်လျက်ရှိကြောင်း၊ ယခုနှစ်အတွင်း ကျူးဘား၌ တောမီးလောင်ကျွမ်းခံရသည့် သစ်တောဧရိယာမှာ ဟက်တာ ၅၇၁၁ဧကဖြစ်ကြောင်း ကျူးဘားအရာရှိများက သတင်းထုတ်ပြန်သည်။*

## ပါကစ္စတန်သမ္မတ ရုရှားသို့ခရီးထွက်မည်

*ပါကစ္စတန်သမ္မတ အလီဇာဒါရီသည် ဩဂုတ် ၁၈ရက်တွင် ရုရှားနိုင်ငံသို့ ခရီးထွက်မည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံ မူးယစ်ဆေးဝါး နှိမ်နင်းရေးအတွက် သဘောတူလက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ပါကစ္စတန်အရာရှိများက ဩဂုတ် ၁၃ရက်၌ ပြောကြားသည်။*

## ဘရာဇီးအနောက်ပိုင်း၌ တောမီးများလောင်ကျွမ်း

*ဘရာဇီးနိုင်ငံ အနောက်ပိုင်း မာတိုဂရိုဆိုပြည်နယ်၌ ဩဂုတ် ၁၃ရက်က တောမီးများလောင်ကျွမ်းလျက်ရှိကြောင်း၊ ရဟတ်ယာဉ်များဖြင့် မီးငြိမ်းသတ်လျက်ရှိကြောင်း ဘရာဇီးမီးသတ်အရာရှိများက သတင်းထုတ်ပြန်သည်။* ॥

*(အင်တာနက်)*



# အထက(၁) နေပြည်တော် ပျဉ်းမနား၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၃

**နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ကြီးမှူး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၉ရက် ညနေ ၃နာရီက နေပြည်တော်ပျဉ်းမနား အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးကျော်ဝင်းစိန်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။**

နေပြည်တော် ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယရဲမှူးခင်မောင်တင့်**(အပေါ်ပုံ)**က မော်တော်ယာဉ်မောင်းလိုင်စင်ကို အသက် (၁၈)နှစ် ပြည့်ပြီးသူများကိုသာ သက်ဆိုင်ရာမှ ထုတ်ပေးကြောင်း၊ လိုင်စင်မရှိသူများသည် မည်သည့်ယာဉ်ကိုမျှ မောင်းနှင်ခွင့်မရှိကြောင်း၊ ကျောင်းသားအရွယ်မှ စတင်ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း နားလည်ကြမှသာလျှင် နောင်အနာဂတ်တွင် ယာဉ်အန္တရာယ်မှ ကင်းဝေးကြမည်ဖြစ်ကြောင်း၊ နေပြည်တော်၌ ယနေ့အထိ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုမရှိခြင်းကြောင့် ယာဉ်မတော်တဆမှု ၂၀၀ ဖြစ်ပွားခဲ့ပြီး ကျား ၈၉ဦး၊ မ ၁၇ဦး ပေါင်း ၁၀၆ဦးသေဆုံးခဲ့ကာ ကျား ၁၉၅ဦး၊ မ ၁၂၉ဦး ပေါင်း ၃၂၄ ဦး ဒဏ်ရာရခဲ့မှု ဖြစ်စဉ်သာဓကများကို ပြ၍ ပညာပေးဗဟုသုတလမ်းခွဲများကိုပါ ပြသခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**လဲချားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် စည်ပင်သာယာဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ဩဂုတ် ၅ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးလွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဆန်းဝင်းတို့ ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)



# တစ်ရွာတစ်ဧက သစ်ပင်စိုက်ပျိုးပွဲ ဇီးကုန်း၌ ကျင်းပ

ဇီးကုန်း ဩဂုတ် ၁၃

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်၏ ကျေးလက်အိမ်ရာထူထောင်ရေး တစ်ရွာတစ်ဧက သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၆ရက် နံနက် ၇နာရီခွဲက မော်ရအုပ်စု မော်ရကျေးရွာ၌ ကျင်းပသည်။

### စိုက်ပျိုး

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်စိုးနှင့်အဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆန်းဝင်း(၂)နှင့်ဝန်ထမ်းများ၊ မော်ရကျေးရွာအုပ်စု ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သန်းနှင့် ဒေသခံကျေးရွာသူ ကျေးရွာသားများ စုစုပေါင်း အင်အား ၁၀၀ တက်ရောက်ခဲ့ကြပြီး ယူကလစ်ပင် ၁၂၀၀ကို စိုက်ပျိုးခဲ့ကြသည်။

**(အောက်ပုံ) (မြို့နယ်စည်ပင်)**



# ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးကြပ်ရေးအဖွဲ့ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ တိုက်ကြီး၌ပေးအပ်

တိုက်ကြီး ဩဂုတ် ၁၃

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၃၀ရက် နံနက် ၉နာရီက ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့မှ ကျောင်းဝတ်စုံနှင့်စာရေးကိရိယာများ ပေးအပ်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေး**(အောက်ပုံ)**က ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူ ၁၂၆ဦးတို့အား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပြီး ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုးက အသင်းဝင်အဆိုပြုလွှာ ၁၆၀၀၀ ကိုပေးအပ်သည်။

**(မြို့နယ် ပြန်/ဆက်)**



## မြဝတီရုပ်မြင်သံကြား

၁၄-၈-၂၀၁၀ (စနေနေ့)

### နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၂၀ ၃။ အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိ ဦးခိုက်ပူဇော်ဂုဏ်ကျေးဇူးတော်
၇:၂၅ ၄။ ဓမ္မပူဇာတေး
၇:၃၀ ၅။ မျိုးချစ်တပ်မတော်
၇:၃၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၄၀ ၇။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၅ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

### နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၅ ၂။ အဖွင့်သီချင်း
၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁:၂၀ ၄။ ကာတွန်းအစီအစဉ် **အမြွာစုံထောက်** (အပိုင်း-၂၉)
၁၂:၀၀ ၅။ ရုပ်မြင်သံကြားဇာတ်လမ်း **မာနကိုဝါးစားပစ်မယ်** ဟိန်းဝေယံ၊ ချိုပြုံး၊ စိုးပြည့်သဇင် (ဒါရိုက်တာ-ဒေါန)
၁၃:၃၀ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
၁၄:၀၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ချစ်ရိပ်**(အပိုင်း-၆၀)

### ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၃၀ ၃။ ချစ်သူစုံတွဲ တူယှဉ်နွဲ
၄:၃၅ ၄။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄:၄၅ ၅။ မြန်မာသံစဉ် ချိုနားဝင်
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၀၀ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅:၂၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၄၀ ၉။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
၆:၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၂။ လျှပ်တစ်ပြက်
၆:၃၀ ၁၃။ **စားဖိုဆောင်ချစ်သူ**
၆:၄၅ ၁၄။ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်နှစ်သည်းချာ** (အပိုင်း-၅၈)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ လူရွှင်တော်စတား
၂၁။ အင်္ဂလိပ်စာသုတ
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တိမ်လွှာကြားကသိုင်းသမား** (အပိုင်း-၅)
၂၄။ **လင်းရောင်စဉ်အတွက် ပုံရိပ်များ** (အပိုင်း-၁၈)

**စာအုပ်စာပေ လှူမိတ်ဆွေ**

**သစ်တော သစ်ပင် ဗိုချုပ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး**



ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို မအူပင်ခရိုင် ဆည်မြောင်းဦးစီးဌာန(ထိန်းသိမ်းရေး) ရေကင်းစခန်း အမှတ်(၄) မြို့မဒေသစိတ်တွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

# ရေဝတီတိုင်း မိုးစပါးရေတော်မိုးတော်ထွန်တုံးပိတ်ပွဲ ဒုတိယဗိုလ်ချုပ်ကြီးကိုကို တက်ရောက်အမှာစကားပြောကြား လယ်ယာသားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်ရန်မှာကြား

နေပြည်တော် ဩဂုတ် ၁၃

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၁၁ရက်တွင် ဧရာဝတီတံတား(ညောင်တုန်း) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ တာဝန်ခံအင်ဂျင်နီယာများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။**

## ရှင်းလင်းမှာကြား

ဆက်လက်၍ ဓနုဖြူမြို့နယ် အုန်းပင်ကွင်းကျေးရွာ၌ ကျင်းပသည့် ၂၀၁၀-၂၀၁၁ခုနှစ် ဧရာဝတီတိုင်း မိုးစပါး ရေတော်မိုးတော်ထွန်တုံးပိတ်ပွဲနှင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားရာတွင် ဧရာဝတီတိုင်းအတွင်း လယ်ယာသားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်မြင်စေရေးအတွက် တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများပူးပေါင်းပြီး ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် အကျယ်တဝင့်ရှင်းလင်းမှာကြားသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌများက သက်ဆိုင်ရာ ခရိုင်အလိုက် ထွန်တုံးပိတ်အစီရင်ခံစာများကို တိုင်းမှူးထံ ပေးအပ်ကြပြီး တိုင်းမှူးက ကောက်စိုက်စွမ်းရည်ပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပြိုင်ပွဲကို လှည့်လည်အားပေး၍ မိုးစပါးစံပြကွက်နှင့် စမ်းသပ်ကွက်များကို ကြည့်ရှုစစ်ဆေးကြသည်။ ဆက်လက်၍ စိုက်ပျိုးရေးပညာပေး ပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

## စိုက်ထည့်ပေး

ထို့နောက် ဧရာဝတီတိုင်း ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသည့် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ တက်ရောက်ကြပြီး လယ်သမားများနှင့် တာဝန်ရှိသူများအား ငါးမျိုးများပေးအပ်ကာ စပါးစိုက်ခင်းများအတွင်းသို့ ငါးမျိုးများ စိုက်ထည့်ပေးကြသည်။

ယင်းနောက် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ ပထမဆုရ မအူပင်ခရိုင် အသင်းအား ဆုချီးမြှင့်ကာ ပြိုင်ပွဲဝင်အသင်းများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဓနုဖြူမြို့ရှိ တန် ၁၀၀ ဆန်စက်သို့ ရောက်ရှိကြပြီး ဆန်စက်အတွင်း စပါးကြိတ်ခွဲမှု အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ မအူပင်ခရိုင် ဆည်မြောင်းဦးစီးဌာန (ထိန်းသိမ်းရေး) ရေကင်းစခန်း အမှတ်(၄) မြို့မဒေသစိတ်သို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို နေ့ ည မပြတ် စနစ်တကျ ဂရုပြုဆောင်ရွက်သွားရေး မှာကြားကာ လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပန်းတနော်မြို့နယ်ခန်းမ၌ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် ရပ်မိရပ်ဖများအားတွေ့ဆုံကြရာ မြို့နယ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# ၂၀၁၀ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ရန်ဖိတ်ခေါ်

နေပြည်တော် ဩဂုတ် ၁၃

အောက်တိုဘာ ၅ရက်တွင် ကျရောက်မည့် ကမ္ဘာ့ဆရာများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ၂၀၁၀ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆရာ ဆရာမများ ဆောင်းပါးပြိုင်ပွဲကို အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့်ဟူ၍ အဆင့်လေးဆင့်ခွဲ၍ ကျင်းပမည်ဖြစ်သည်။

## ယှဉ်ပြိုင်နိုင်

တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ ဆရာမများနှင့် အငြိမ်းစားယူပြီးသော ဆရာ ဆရာမများသည် အဆင့်မြင့်ပညာအဆင့်တွင်လည်းကောင်း၊ မြို့နယ်ပညာရေးမှူးနှင့် အထက်အဆင့်ရှိ အရာထမ်းများ၊ အခြေခံပညာကျောင်းအုပ်ကြီးများ၊ အထက်တန်းပြ၊ အလယ်တန်းပြ၊ မူလတန်းပြများနှင့် အငြိမ်းစား ဆရာ ဆရာမများသည် သက်ဆိုင်ရာ အခြေခံပညာအဆင့်တွင်လည်းကောင်း ပါဝင်ယှဉ်ပြိုင်နိုင်ကြသည်။

ဆောင်းပါးခေါင်းစဉ်မှာ **“လူသားအရင်းအမြစ်ဖန်တီးရှင်”** ဖြစ်ပြီး စာလုံးရေ ၃၀၀၀ မှ ၄၀၀၀ အတွင်း ရေးသားရမည်၊ စာမျက်နှာတစ်ဖက်တည်းတွင်သာ ရေးရမည်၊ စာမျက်နှာတပ်ရမည်၊ စာမူနောက်ကျောတွင် ရေးသူအမည်၊ ပညာအရည်အချင်း၊ ရာထူးနှင့်ကျောင်း၊ အိမ်လိပ်စာတို့ကို ဖော်ပြရမည်။

## ပေးပို့ရမည်

စာမူနှစ်စောင်၊ ကိုယ်တိုင်ရေးသားကြောင်းဝန်ခံချက်၊ ကိုယ်ရေးအကျဉ်းနှင့် ရောင်စုံလိုင်စင်ဓာတ်ပုံ (တစ်လက်မခွဲ၊ နှစ်လက်မ) သုံးပုံတို့ကို စာအိတ်တွင် လုံခြုံစွာ ထည့်သွင်းပြီး ဒေါ်တင်တင်ရှု ဒုတိယညွှန်ကြားရေးမှူး ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန (သင်ရိုးဌာနခွဲ) အမှတ်(၁၂၃) နတ်မောက်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ စက်တင်ဘာ ၁၅ရက် နောက်ဆုံးထား ပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဒို့ကျေးရွာဂျာနယ် ထွက်ပါပြီ

ရန်ကုန် ဩဂုတ် ၁၃

ဒို့ကျေးရွာဂျာနယ် အတွဲ(၇)၊ အမှတ်(၁၆)ကို ဩဂုတ် ၁၅ရက်တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် စပါးအထွက်တိုးစေရာ ယူရီးယားမြေဩဇာစနစ်တကျသုံးစွဲပါ၊ သံပရာစိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုးစေရန်၊ စပါးပန်းတိုင်အထွက်နှုန်းရရှိရေး ပြုပြင်ဆောင်ရွက်ရန်နည်းစနစ်များ စသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ ငါးရိုင်းများမှရသော သဘာဝသယံဇာတတန်ဖိုးများ၊ ဝက်မွေးမြူရေးနှင့် ပတ်ဝန်းကျင်အပူအအေးသက်ရောက်မှု၊ သားမွေးနွားမများနှင့် အချင်းကျန်ရောဂါ၊ အသားစားကြက်များတွင် ဖြစ်ပွားတတ်သည့် ရောဂါများနှင့် ကာကွယ်ရန်နည်းလမ်းများ စသည့်မွေးမြူရေးဆောင်းပါးများ၊ ရာသီတုပ်ကွေးနှင့်တိုင်းရင်းဆေး၊ ဆေးဖက်ဝင်သည့်ဖန်ခါးပင်၊ အချိုရည်နှင့်ကျန်းမာရေး၊ စုပေါင်းကာကွယ် ကြွက်အန္တရာယ်၊ ဆေးဖက်ဝင်ထန်းပင်၊ သွေးတိုးကင်းဝေးကျန်းမာရေး စသည့်ကျန်းမာရေးဆောင်းပါးများ၊ ဂုဏ်ယူဝင့်ထည် မြန်မာ့ချည်ထည်၊ အသွင်သစ်နှင့်ရွှေပြည်သစ်စာကြည့်တိုက် စသည့်အသိပညာပေး သုတရသဆောင်းပါးများ၊ ယနေ့နိုင်ငံရေးအခြေအနေနှင့်ပတ်သက်၍ အမျိုးသားနိုင်ငံရေးလမ်းကြောင်း၊ ဒို့ကျေးရွာ၏ မနက်ဖြန်(၁)စသည့် နိုင်ငံရေးဆောင်းပါးများ၊ ဂရိနိုင်ငံအကြောင်းသိကောင်းစရာ၊ လူကုန်ကူးမှုတိုက်ဖျက်ရေးအရှိန်အဟုန်မြှင့်ရန်လို၊ ပထမဆုံးတယ်လီဖုန်းကိုတီထွင်သူ မာတင်ကူးပါး၊ ပြည်တွင်းဆန်စားသုံးမှုဖူလုံရေး ဖိလစ်ပိုင်မြှင့်တင်မည်၊ လာမည့် ၁၈ နှစ်အတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးအထောက်အကူပြု အီလက်ထရွန်နစ်မော်တော်ကားများ သုံးစွဲလာနိုင်မည်၊ စင်ကာပူနိုင်ငံ၏ ပင်လယ်ရပ်ခြားစိုက်ပျိုးမွေးမြူရေးစီမံကိန်း၊ တရုတ်နိုင်ငံ၏ ပြောင်းဝယ်လိုအား မြင့်တက်လျက်ရှိ စသည့် နိုင်ငံတကာသတင်းဆောင်းပါးများ၊ အားကစားသတင်းများနှင့် အနုပညာသည်သာ ကျွန်တော့်ဘဝဖြစ်ပါတယ်ဆိုတဲ့ အဆိုတော်သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်နှင့် တွေ့ဆုံခြင်း စသည့် အနုပညာသတင်းများ၊ အချိန်မီဝတ္ထုတိုတို့အပြင် ကဗျာ၊ ဟာသ၊ ကာတွန်း၊ ဗေဒင်၊ မြန်မာဗီဒီယိုဇာတ်လမ်းများနှင့် သတင်းအတိုအထွာများကို စုံလင်စွာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ငွေကျပ် ၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့်ကြော်ငြာများကို အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၈၃၆၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။ **(သတင်းစဉ်)**

# ပြည်မြို့၌ စံ(၅)ရပ်ညီ ကျေးရွာစာကြည့်တိုက်များဖြစ်ပေါ်ရေး စာအုပ်စာစောင်များလှူဒါန်း

ပြည် ဩဂုတ် ၁၃

ပဲခူးတိုင်း(အနောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော စံ(၅)ရပ်နှင့်အညီ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖြစ်ပေါ်ရေးအတွက် ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး စန်းလွင် ဇနီး ဒေါ်ခင်မာကြည် မိသားစုက ငွေကျပ်ငါးသိန်းနှစ်သောင်း တန်ဖိုးရှိ စာအုပ်စာစောင်မျိုးစုံ အုပ် ၁၅၅၀ လှူဒါန်းပွဲကို ဩဂုတ် ၁၂ရက် နံနက် ၉နာရီက တိုင်းရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပရာ ပဲခူးတိုင်း(အနောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်အောင်ညွန့်နှင့် ပြည်မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဘဏ္ဍာရေးမှူး ဦးရွှေဝင်းတို့က လက်ခံယူပြီး တိုင်းဦးစီးမှူးက ကျေးဇူးတင်စကား ပြောကြား၍ ဂုဏ်ပြုလက်မှတ်ပေးအပ်ကြောင်း သိရသည်။



(ဝဲပုံ) (သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

➤ ကောင်းမြတ်သူ – စုစည်းသည် ➤



# ပါကစ္စတန် ရေကြီးရာဒေသ ရောဂါကူးစက်မှုများ ဖြစ်ပွားနေ

မူလ်တန် (ပါကစ္စတန်) ဩဂုတ် ၁၃

ပါကစ္စတန်နိုင်ငံ တောင်ပိုင်း၌ အဆိုးရွားဆုံးရေကြီးမှု ဖြစ်ပွားလျက်ရှိရာ အဖျားရောဂါနှင့် ဝမ်းရောဂါကူးစက်မှုများ ပျံ့နှံ့ဖြစ်ပွားနေကြောင်း တာဝန်ရှိသူများက ဩဂုတ် ၁၃ရက်တွင် ပြောကြားသည်။ **(အပေါ်ပုံ)**

## ကြုံတွေ့

အဆိုပါ ရေကြီးမှုသဘာဝဘေးအန္တရာယ်ကို ပါကစ္စတန်ပြည်သူ ၁၄သန်းတို့ ကြုံတွေ့နေကြရကြောင်း၊ သေဆုံးသူ ဦးရေ ၁၅၀၀ခန့်ရှိသွားပြီဖြစ်ကြောင်း၊ လွန်ခဲ့သော သုံးရက်က ပန်ဂျပ်ပြည်နယ် မူလ်တန်ဒေသ၌ ကလေး၁၀၀၀ခန့် နာမကျန်းဖြစ်ခဲ့ရကြောင်း သိရသည်။ **(အင်တာနက်)**

# ပီရူးတွင် သွေးစုပ်လင်းနို့များသောင်းကျန်းနေ လူ ၅၀၀အကိုက်ခံရပြီး ကလေးငယ် လေးဦးသေဆုံး

လီမာ ဩဂုတ် ၁၃

ပီရူးနိုင်ငံ အမေဇုန်ဒေသတွင် သွေးစုပ်လင်းနို့များသောင်းကျန်းလျက်ရှိရာ ၄င်းလင်းနို့များ အကိုက်ခံရသူပေါင်း ၅၀၀ကျော်ရှိသွားပြီဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ **(အောက်ပုံ)**

## ကြေညာ

အဆိုပါလင်းနို့များ အကိုက်ခံရပါက ခွေးရူးပြန်ရောဂါဖြစ်ပွားစေနိုင်သည်ဟုဆိုသည်။ ပီရူးနိုင်ငံ အဝါဂွန်ဒေသတွင် သွေးစုပ်လင်းနို့များ အကိုက်ခံရမှုကြောင့် ကလေးငယ် လေးဦးသေဆုံးသွားကြောင်း ပီရူးကျန်းမာရေးဝန်ကြီးဌာနက ကြေညာသည်။

ယခုအခါ ပီရူးကျန်းမာရေးဝန်ကြီးဌာနက အမေဇုန်ဒေသသို့ ဆေးအဖွဲ့သုံးဖွဲ့ စေလွှတ်၍ သွေးစုပ်လင်းနို့အကိုက်ခံရသော လူ ၅၀၀ကျော်တို့အား ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးများထိုးပေးခဲ့ကြောင်း သိရသည်။

အမေဇုန်ဒေသတွင် သစ်တောများပြုန်းတီးလာမှုကြောင့် သွေးစုပ်လင်းနို့များ သောင်းကျန်းလာခြင်းဖြစ်ကြောင်း ပညာရှင်များက သုံးသပ်ထားသည်။ **(အင်တာနက်)**



# အမှတ်(၁) စက်မှုဝန်ကြီးဌာန ကွန်ပျူတာအခြေခံသင်တန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းများဆင်းပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၁၃

**အမှတ်(၁)စက်မှုဝန်ကြီးဌာန ရုံးသုံး ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ်(၃/၂၀၁၀)နှင့် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ် (၁/၂၀၁၀) သင်တန်းများဆင်းပွဲအခမ်းအနားကို ဩဂုတ် ၁၁ရက် နံနက်ပိုင်းက နေပြည်တော်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

**တိုက်တွန်းပြောကြား**

သင်တန်းဆင်းပွဲတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းက သင်တန်းဆင်း အမှာစကား ပြောကြားရာ၌ သင်တန်းများမှရရှိသည့် အခြေခံပညာရပ်၊ ပြင်ပမှ စာအုပ်စာတမ်းများနှင့် လက်တွေ့လုပ်ငန်းမှရရှိမည့် အတွေ့အကြုံများ ပေါင်းစပ်ပြီး လုပ်ငန်းကျွမ်းကျင်သူများဖြစ်လာအောင် မိမိကိုယ်တိုင် ဆက်လက် ပြုစုပျိုးထောင်သွားကြရန် လိုအပ်ကြောင်း၊ စက်ရုံ၊ အလုပ်ရုံများတွင် အကျိုးရှိရှိ ထိထိမိမိအသုံးချနိုင်ကြမည်ဟုယုံကြည်ကြောင်းနှင့် မိမိဌာနအကျိုး၊ နိုင်ငံတော်အကျိုးကို စေတနာအပြည့်နှင့် ကြိုးကြိုးစားစားသယ်ပိုး ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် သင်တန်းများတွင် ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ရာ ဝန်ကြီးက ရုံးသုံးကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ် (၃/၂၀၁၀) တွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား ဆုများကိုပေးအပ်ချီးမြှင့်ပြီး သင်တန်းသားခေါင်းဆောင်တစ်ဦးအား သင်တန်းဆင်း အောင်လက်မှတ်များကို လည်းကောင်း၊ ဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ်(၁/၂၀၁၀)၌ သင်တန်းထူးချွန် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းသားခေါင်းဆောင် တစ်ဦးအား သင်တန်းဆင်း အောင်လက်မှတ်များကို လည်းကောင်း၊ ဗဟိုဝန်ထမ်း တက္ကသိုလ် (အထက်မြန်မာပြည်) အလယ်အလတ်အဆင့် အရာထမ်း စီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ်(၁၄) သင်တန်း၌ သင်တန်းသား ဒုတိယဆုရရှိသူအား ဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

**ကြာမြင့်**

အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားသို့ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် အထွေထွေမန်နေဂျာများ၊ တာဝန်ရှိသူများနှင့် သင်တန်းသားသင်တန်းသူ စုစုပေါင်း ၆၇ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ခြောက်ပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



**တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး ဇူလိုင် ၁၇ရက်က ကော့သောင်းမြို့ ဆိပ်ကမ်းသာပန်းခြံသာယာလှပရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

# ငါးသယံဇာတ ထိန်းသိမ်းရေး ပညာပေးဟောပြောပွဲကျင်းပ

**ရေးမြို့ ဩဂုတ် ၁၃**

မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ရေးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသိန်းသန်းနှင့်ဝန်ထမ်းများသည် ဇူလိုင် ၂၉ရက် နံနက် ၁၁နာရီက ရေးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံး၌ မြို့နယ်အတွင်းရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ပင်လယ်ငါးဖမ်းခြင်းလုပ်ငန်းဆိုင်ရာ စည်းကမ်းများလိုက်နာရေးနှင့် ငါးသယံဇာတထိန်းသိမ်းရေး ပညာပေးဟောပြောပွဲ ကျင်းပသည်။

**ဆွေးနွေးဟောပြော**

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဦးသိန်းသန်းက မြန်မာ့ပင်လယ်ပြင်တွင် ငါးဖမ်းလုပ်ငန်းများ စနစ်တကျဖြစ်စေရန်၊ ငါးသယံဇာတများ မပြုန်းတီးစေရန်နှင့် စဉ်ဆက်မပြတ် ဖမ်းဆီးထုတ်လုပ်နိုင်စေရန်အတွက် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေအပြင် လိုအပ်သော အမိန့်ညွှန်ကြားချက်များ၊ တားမြစ်ချက်များ၊ ကန့်သတ်ချက်များ ထုတ်ပြန်၍ ထိန်းသိမ်းဆောင်ရွက်လျက်ရှိရာ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းလုပ်ငန်းရှင်များအနေဖြင့် တိတိကျကျ လိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်းနှင့် ရေးမြို့နယ် ဇီးဖြူသောင်စစ်ဆေးရေးစခန်းတွင် ငါးဖမ်းရေယာဉ်များ ပင်လယ်ပြင်ဝင်/ထွက်ခြင်းကို စနစ်တကျ စစ်ဆေးဆောင်ရွက်လျက်ရှိသဖြင့် လုပ်ငန်းရှင်များအနေဖြင့် ခွင့်ပြုငါးဖမ်းရက်ထက် ကျော်လွန်၍ ငါးဖမ်းခြင်းမပြုရန်နှင့် ပင်လယ်ပြင်ဝင်/ထွက်မှုကို စနစ်တကျသတင်းပို့စစ်ဆေးခံကြရန် ဆွေးနွေးဟောပြောသည်။ **(အောက်ပုံ)**

ဆက်လက်၍ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ပင်လယ်လိပ်မျိုးထိန်းသိမ်းရေးလုပ်ငန်းကို စနစ်တကျဆောင်ရွက်လျက်ရှိကြောင်းနှင့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ ငါးဖမ်းကိရိယာများတွင် ပင်လယ်လိပ်များ မတော်တဆဖမ်းဆီးမိပါက အရှင်အတိုင်း အမြန်ဆုံးပြန်လွှတ်ပေးရေး ဆွေးနွေးမှာကြားသည်။ **(ငါးလုပ်ငန်းဦးစီး)**



# ငါးရစ်၊ ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း



# မိုးညိုမြို့နယ်၌ စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်

**မိုးညို ဩဂုတ် ၁၃**

သာယာဝတီခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ကြီးကြပ်မှုဖြင့် မိုးညိုမြို့နယ်အတွင်းရှိ စပါးခင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၇ရက်က မိုးညိုမြို့နယ် ညောင်ပိုင်းကျေးရွာအုပ်စု လယ်သမားကြီး ဦးစိန်လှိုင်၏ စပါးခင်း၌ကျင်းပရာ အခမ်းအနားသို့ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ် စိန်မြင့်၊ တိုင်း၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ သာယာဝတီခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိန်မြင့်၊ မိုးညိုမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်သန်းသန်းနှင့် ဝန်ထမ်းများတက်ရောက်ကြပြီး ငါးမျိုးများ စိုက်ထည့်ပေးကြသည်။ **(အပေါ်ပုံ)**

**စိုက်ထည့်ပေး**

၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် မိုးညိုမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ မိုးစပါး ၁၉၅ ဧကအတွင်း ငါးခုံးမ ၅၃၆၂၅ကောင်၊ ရွှေဝါငါးကြင်း ၁၄၆၂၅ကောင်၊ တီလား ပီးယား အကောင် ၂၉၂၅၀ စိုက်ထည့်ပေး ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ ဆက်)**



# မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ဖျာပုံမြို့နယ်၌ ကျင်းပ

**ဖျာပုံ ဩဂုတ် ၁၃**

ဖျာပုံမြို့နယ် သလိပ်ကြီးကျေးရွာအုပ်စု သလိပ်ကြီးကျေးရွာ ကားလမ်းဘေးဝဲယာတွင် ဇူလိုင် ၇ရက် နံနက်၇နာရီက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပရာ အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ဝင်းဦး၊ ဖျာပုံခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြကြိုင်နှင့် အဖွဲ့ဝင်များ၊ ဖျာပုံမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ထင်နှင့်အဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာနဦးစီးအရာရှိ ဦးကြည်လင်နှင့် ဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူများ စုစုပေါင်း အင်အား၅၀၀ခန့် တက်ရောက်၍ စုပေါင်းသစ်ပင်စိုက်ပျိုးပေးကြသည်။ **(အပေါ်ပုံ)**

**စိုက်ပျိုး**

စိုက်ပင်များမှာ ကျွန်း၊မဟော်ဂနီ၊ ယူကလစ်၊အော်ရီရှား စုစုပေါင်း စိုက်ပျိုးပင် ၁၅၀၀ စိုက်ပျိုးပြီးစီးကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# နေပြည်တော် အလက(၃) ကျောင်းကျန်းမာရေးလှုပ်ရှား

**နေပြည်တော် ဩဂုတ် ၁၃**

နေပြည်တော် အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ် လှုပ်ရှားမှုအဖြစ် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက် ဥက္ကဋ္ဌ ဦးလှဝင်းမိသားစုက ကျောင်းသားကျောင်းသူ ၁၅၀၀တို့အား သာဂူအာဟာရဒါနပြုတိုက်ကျွေးသည်။

**ဆောင်ရွက်မည်**

ထို့အပြင် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုများအဖြစ် ဩဂုတ် ၉ရက်မှ ၁၄ရက်အထိ ကျန်းမာရေးဆိုင်ရာများ ဟောပြောခြင်း၊ အာဟာရအုပ်စုများကို သရုပ်ပြခြင်း၊ ကျောင်းဝန်းကျင် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ကိုယ်အလေးချိန်နှင့် အရပ်တိုင်းခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မီးသတ်ဦးစီးဌာန မိုးရာသီသစ်ပင်စိုက်

**ရန်ကုန် ဩဂုတ် ၁၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏ မိုးရာသီသစ်ပင် စိုက်ပျိုးပွဲကို ယနေ့နံနက် ၇နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်)ဝင်း၌ ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး တင်မိုးတက်ရောက်၍ စိန်တစ်လုံးသရက်ပင်ကို စိုက်ပျိုးပေးသည်။

**စုပေါင်းစိုက်ပျိုး**

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ တပ်ဖွဲ့ဝင် မိသားစုများက အရိပ်ရပင်များ၊ သီးပင်စားပင်များ၊ နှစ်ရှည်ပင်များကို စိုက်ပျိုးပေးကြပြီး ညွှန်ကြားရေးမှူးချုပ်သည် ဝန်ထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုးမှုကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်းနှင့် မီးသတ်ဦးစီးဌာန (ရုံးချုပ်)ဝင်းအတွင်း သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် စိန်တစ်လုံး သရက်ပင် ၁၀၀၊ နွယ်သာကီပင်နှင့် လေကာပင်များ စုပေါင်း စိုက်ပျိုးကြသည်။ **(သတင်းစဉ်)**

# ဟတ်ထိတယ် ရုံပြည့်ရုံလျှံ အားပေးနေဆဲ ရော်ဘင်ဟုဒ်စွန့်စားခန်း အက်ရှင်ကား ပြန်ဝင်လာ

**ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)**

ရန်ကုန် ဩဂုတ် ၁၃

**ညွန့်မြန်မာညီညီအောင် ရိုက်ကူးပြီး ရန်အောင်၊ ရဲအောင်၊ သူထူးစံ၊ မိုးအောင်ရင်၊ မို့မို့မြင့်အောင်၊ စိုးမြတ်သူဇာ၊ အိန္ဒြာကျော်ဇင်၊ သင်ဇာဝင့်ကျော်တို့ ခေါင်းဆောင်ပါဝင်ထားသည့် ဟတ်ထိတယ် ဟာသဇာတ်မြူးကားမှာ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ဆက်လက်ပြသနေပြီး ရုံပြည့်ရုံလျှံ အားပေးနေဆဲဖြစ်သည်။**

**ရိုက်ကူးထား**

**Robin Hood** ဇာတ်ကားမှာ ဥရောပ၏ တတိယခရူးဆိတ်စစ်ပွဲကို ကျောရိုးပြုကာ သူရဲကောင်းလေးဦး၏ ဓားစွမ်းပြတိုက်ခိုက်ပုံများကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။ ယင်းဇာတ်ကားတွင် ကမ္ဘာကျော်မင်းသားကြီး ရပ်ဆဲလ် ခရိုးနှင့် မင်းသမီးကိတ် ဘလန်ချက်တို့ ပါဝင်ထားသည်။ နေပြည်တော်ရုံတွင် တစ်ကျော့ပြန် ရုံဝင်လာခြင်းဖြစ်သည်။ ရွှေဆောင်ရုံတွင် **The A.Team** ဇာတ်ကား ဆက်လက်ပြသနေဆဲဖြစ်သည်။

**ရုံဝင်လာ**

ဝဇီရာ(၁)နှင့် ဝဇီရာ(၂) ရုံများတွင် ဒါရိုက်တာကိုဇော်(အရုဏ်ဦး)၏ **နတ်ဖက်တဲ့ စုံတွဲ**များ ဆက်လက်ပြသနေပြီး လာမည့်သောကြာပတ် ဩဂုတ်၂၀ ရက်တွင် ဒါရိုက်တာကိုဇော်(အရုဏ်ဦး) ရိုက်ကူးထားသည့် **ကျောက်သင်ပုန်းတွေ မိုးထားတဲ့အိမ်** ဇာတ်ကားသစ် ရုံဝင်လာမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**



ဟတ်ထိတယ်ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်းကို ဤသို့တွေ့ရသည်။

# အတိတ်ကောင်း၊ နိမိတ်ကောင်းကို ဆောင်ကြဉ်းလာသည့် စတုတ္ထမြောက် ဆင်ဖြူတော်ရတနာ

*(ယမန်နေ့မှအဆက်)*

ရှေးမြန်မာမင်းများမှအစ ခေတ်အဆက်ဆက်တွင် ဆင်ဖြူတော်ပေါ်ထွန်းရန်ဟူသည် ဆယ်စုနှစ်တစ်စု၊ နှစ်စုအတွင်း အလွန်ပင်တွေ့ရခဲလှပါသည်။ မှတ်တမ်းများကို လက်လှမ်းမီသမျှ ဆန်းစစ်တင်ပြရလျှင် မြန်မာနိုင်ငံ၌ ၁၉၅၈ခုနှစ်က မြစ်ကြီးနားခရိုင်အင်းတော်ကြီးမြို့နယ် မြန်မာနိုင်ငံ သစ်လုပ်ငန်းအဖွဲ့ပိုင် ဆင်ဝိုင်းမှ ဆင်ဖြူတော်မလေးတစ်စီး ပေါ်ထွန်းခဲ့ဖူးပြီး မဖြူဟုအမည်ပေးကာ မိခင်ဆင်မကြီးမယ်စုနှင့်အတူ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ ရွှေ့ပြောင်းပြီး ကောင်းမွန်စွာ ချီးမြှင့်စောင့်ရှောက်ခဲ့ပါသည်။ မဖြူမှာ အသက်(၁၉)နှစ်အရွယ် ၁၉၇၇ခုနှစ်တွင် ကွယ်လွန်ခဲ့ပါသည်။

**ထို့နောက် နှစ်ပေါင်း(၄၀)ကျော်အကြာတွင်မှ ယခုလို ၂၀၀၁ ခုနှစ်မှ ၂၀၁၀ခုနှစ်အထိ ဆယ်စုနှစ်တစ်စုစာတာ ကာလအတွင်း ဆင်ဖြူတော်လေးစီး ပေါ်ထွန်းလာခဲ့ခြင်းမှာလည်း ထူးခြားအံ့သြဖွယ်၊ ရွှင်လန်းဝမ်းမြောက်ဖွယ်၊ ဂုဏ်ယူဝင့်ကြွားဖွယ်၊ ကျက်သရေအဖြာဖြာနှင့် ပြည့်စုံခညောင်းနေသည်ဟုပင် တင်စားလိုမိပါသည်။ ၄င်းဆင်ဖြူတော်များ၏ အချက်အလက်အကျဉ်းချုပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–**

**(က) ရာဇဂဟာသီရိပစ္စယဂဇရာဇာ (ပထမမြောက် ရတနာဆင်ဖြူတော်)**

| | | |
|---|---|---|
| (၁) | အမည်ဘွဲ့တော် | - ရာဇဂဟာသီရိပစ္စယဂဇရာဇာ |
| (၂) | လိင် | - အထီး၊ စွယ်စုံ |
| (၃) | အသက် | - (၁၆)နှစ် (ခန့်မှန်း) |
| (၄) | အရပ်အမြင့် | - (၈)ပေ (၂)လက်မ |
| (၅) | ကိုယ်လုံးပတ် | - (၁၂)ပေ (၈)လက်မ |
| (၆) | အစွယ်(ဘယ်) | - အလျား (၂၃)လက်မ၊ လုံးပတ် (၈)လက်မ |
| (၇) | အစွယ်(ညာ) | - အလျား (၂၂)လက်မ၊ လုံးပတ် (၈)လက်မ |
| (၈) | ကျော | - ၄က်ပျောကိုင်း |
| (၉) | နားရွက် | - နားကြီး |
| (၁၀) | မျက်လုံး | - ပုလဲ |
| (၁၁) | အမြီး | - အလျား(၄)ပေ (၇)လက်မရှိပြီး ဖြောင့်ဆင်းသွယ်တန်း၍ တံခါးပိတ်အမျိုးအစား |
| (၁၂) | ခြေသည်း | - ရှေ့ခြေသည်း(၅)ခုစီ၊ နောက်ခြေသည်း (၄)ခုစီရှိ |
| (၁၃) | အသားအရေ | - မိုးရာသီ၌ ပန်းရောင်သန်းသည့် အဖြူရောင်၊ ဆောင်းနှင့်နွေရာသီ၌ အုန်းခွံရောင်သန်းသည့် အဖြူရောင် |
| (၁၄) | အမွေးအမှင် | - အဖြူရောင် |
| (၁၅) | ပေါ်ထွန်းသည့်နေရာ | - ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ် |
| (၁၆) | ရောက်ရှိသည့်နေ့ရက် | - ၂၀၀၁ ခုနှစ်၊ နိုဝင်ဘာလ (၁၅)ရက်နေ့၌ ရန်ကုန်မြို့သို့ ရောက်ရှိပြီး မင်းဓမ္မကုန်းမြေ အနီးရှိ ရတနာဆင်ဖြူတော် ဥယျာဉ်တွင် ထားရှိပါသည်။ |

**(ခ) သိင်္ဂီမာလာ (ဒုတိယမြောက် ရတနာဆင်ဖြူတော်)**

| | | |
|---|---|---|
| (၁) | အမည်ဘွဲ့တော် | - သိင်္ဂီမာလာ |
| (၂) | လိင် | - အမ |
| (၃) | အသက် | - (၃၂)နှစ် (ခန့်မှန်း) |
| (၄) | အရပ်အမြင့် | - (၇)ပေ (၉)လက်မ |
| (၅) | ကိုယ်လုံးပတ် | - (၁၂)ပေ (၃)လက်မ |
| (၆) | အစွယ် | - သစ်ခွံထိုးအရွယ်စွယ်စုံ |
| (၇) | ကျော | - ၄က်ပျောကိုင်း |
| (၈) | နားရွက် | - ကြီးမားကျယ်ပြန့်၍ ကြေးစည်ပုံသဏ္ဌာန်ရှိ |
| (၉) | မျက်လုံး | - ပုလဲ |
| (၁၀) | အမြီး | - အလျား(၃)ပေ (၉)လက်မ (အဖျား အုန်းခွံရောင်ရှိသည့် မြီးတံကျဲပါရှိ) |
| (၁၁) | ခြေသည်း | - ရှေ့နောက် (၄)ခုစီ ပါရှိကာ၊ ခွာအုံမှာ ပန်းနုရောင်ရှိ |
| (၁၂) | အသားအရေ | - ပန်းနုရောင်ဖြစ်ပြီး ရေနှင့်ထိပါက ပိုမိုတောက်ပြောင်သော ပန်းနုရောင်သို့ ပြောင်းသွားသည်။ |
| (၁၃) | အမွေးအမှင် | - အဖြူရောင် |
| (၁၄) | ပေါ်ထွန်းသည့်နေရာ | - ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ကိုင်းကြီးချောင်းဖျား |
| (၁၅) | ရောက်ရှိသည့်နေ့ရက် | - ၂၀၀၂ခုနှစ်၊ ဧပြီလ (၁၅)ရက်နေ့၌ ရန်ကုန်မြို့သို့ရောက်ရှိပြီး မင်းဓမ္မကုန်းမြေအနီးရှိ ရတနာဆင်ဖြူတော်ဥယျာဉ်တွင် ထားရှိပါသည်။ |

**(ဂ) ရတီမာလာ (တတိယမြောက် ရတနာဆင်ဖြူတော်)**

| | | |
|---|---|---|
| (၁) | အမည်ဘွဲ့တော် | - ရတီမာလာ |
| (၂) | လိင် | - အမ |
| (၃) | အသက် | - (၁၂)နှစ် (ခန့်မှန်း) |
| (၄) | အရပ်အမြင့် | - (၆)ပေ (၁၁)လက်မ |
| (၅) | ကိုယ်လုံးပတ် | - (၉)ပေ (၁၀)လက်မ |
| (၆) | အစွယ် | - သစ်ခွံထိုးအရွယ် စွယ်စုံ |
| (၇) | နားရွက် | - နားကြီး |
| (၈) | မျက်လုံး | - ပုလဲ |
| (၉) | အမြီး | - အလျား(၃)ပေ (၉)လက်မရှိ |
| (၁၀) | ခြေသည်း | - ရှေ့ခြေသည်း (၅)ခုစီ၊ နောက်ခြေသည်း (၄)ခုစီရှိ |
| (၁၁) | အသားအရေ | - ပန်းနုရောင် |
| (၁၂) | အမွေးအမှင် | - အဖြူရောင် |
| (၁၃) | ပေါ်ထွန်းသည့်နေရာ | - ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ကင်းချောင်းဖျား |
| (၁၄) | ရောက်ရှိသည့်နေ့ရက် | - ၂၀၀၂ခုနှစ်၊ ဒီဇင်ဘာလ(၆)ရက်နေ့၌ ရန်ကုန်မြို့သို့ရောက်ရှိပြီး မင်းဓမ္မကုန်းမြေအနီးရှိ ရတနာဆင်ဖြူတော်ဥယျာဉ်တွင် ထားရှိပါသည်။ |

**လိုချင်တိုင်းလည်းမရ၊ "တ"တိုင်းလည်းမဖြစ်၊ ခေတ်တိုင်းလည်းမပေါ်၊ မျှော်တိုင်းလည်းမလာ၊ ရှာတိုင်းလည်းမတွေ့သည့် ဆင်ဖြူတော်ရတနာများသည် ပြည်မြန်မာတစ်လွှားတွင် ကြည်သာလန်းရွှင်စွာဖြင့် ဆင်ဖြူတော်ရတနာဥယျာဉ်အသီးသီးဝယ် တင့်တယ်စွာ တည်ရှိနေသည့် အခါသမယ။**

**ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သမိုင်းအလှည့်အပြောင်းကာလနှင့် ထူးဆန်းလှစွာ တိုက်ဆိုင်နေသည့်အတွက်ကြောင့်လည်း ဒီမိုကရေစီနိုင်ငံတော်သစ်ဆီ ချီတက်မည့် ခရီးလမ်းသည် တိုင်းပြည်ရော၊ လူမျိုးအတွက်ပါ အေးချမ်းသော၊ သာယာသော၊ ဘေးကင်းသော အတိတ်နိမိတ်ကောင်းများနှင့်အတူ ရွှေပြည်တော် မျှော်မဝေးတော့ပြီ။**

## ဝေယံမောင်

**(ဃ) ဘဒ္ဒဝတီ (စတုတ္ထမြောက် ရတနာဆင်ဖြူတော်)**

| | | |
|---|---|---|
| (၁) | အမည်ဘွဲ့တော် | - ဘဒ္ဒဝတီ |
| (၂) | လိင် | - အမ |
| (၃) | အသက် | - (၃၈)နှစ် (ခန့်မှန်း) |
| (၄) | အရပ်အမြင့် | - (၇)ပေ (၄)လက်မ |
| (၅) | ကိုယ်လုံးပတ် | - (၁၀)ပေ (၁၀)လက်မ |
| (၆) | အစွယ် | - သစ်ခွံထိုးအရွယ် |
| (၇) | ကျော | - ကျောတန်း |
| (၈) | နားရွက် | - နားကြီး |
| (၉) | မျက်လုံး | - ပုလဲ |
| (၁၀) | အမြီး | - တံခါးစောင်း၊ အလျား(၃)ပေ (၆)လက်မရှိပြီး မြီးဆံသင့် |
| (၁၁) | ခြေသည်း | - ရှေ့ခြေသည်း (၅)ခုစီ၊ နောက်ခြေသည်း (၄)ခုစီ အဖြူရောင် |
| (၁၂) | အသားအရေ | - ဩဇာခွံ |
| (၁၃) | အမွေးအမှင် | - အဖြူရောင် |
| (၁၄) | ပေါ်ထွန်းသည့်နေရာ | - ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်အတွင်း |
| (၁၅) | ရောက်ရှိသည့်နေ့ရက် | - ၂၀၁၀ခုနှစ်၊ ဩဂုတ်လ (၉)ရက်နေ့၌ နေပြည်တော်သို့ ရောက်ရှိပြီး ဥပ္ပါတသန္တိစေတီတော် ဝတ္တကမြေအတွင်းရှိ ဆင်ဖြူတော်ရတနာဆောင်၌ ထားရှိပါသည်။ |

ဆင်ဖြူတော်ဆိုင်ရာ အချက်အလက်များအရ ယခုစတုတ္ထမြောက်ဆင်ဖြူတော်သည် မင်္ဂလာဆင်(၇)မျိုးအနက် ဇလပ်ပွင့်အဆင်းကဲ့သို့ ဖြူခြင်း၊ အစွယ်နှစ်ဖက် ကြီးငယ်မရှိ ညီညွတ်ခြင်း၊ မျက်လုံးအရည် ပုလဲကဲ့သို့ရှိခြင်း၊ ကိုယ်မွေးဖြူခြင်း၊ ခြေသည်း၊ လက်သည်း ဖြူခြင်းစသည်တို့ကြောင့် အလွန်မြတ်သည့် သေတဂဇရာဇာဆင်အမျိုးအစားဟု သတ်မှတ်နိုင်ပါသည်။ ထို့အတူ အမျိုးလေးပါး ခွဲခြားကြည့်မည်ဆိုပါက မင်းမျိုး၊ ပုဏ္ဏားမျိုး၊ အမတ်မျိုး၊ သူဆင်းရဲမျိုးတို့အနက် မင်းမျိုးနှင့်တူသော ဆင်ဟုယူဆနိုင်ကြောင်းကို အလုံးအရပ်ကြီးမြင့်ခြင်း၊ အစွယ်လက်ယာတင်ခြင်း၊ မျက်နှာနေရောင်ကဲ့သို့နီခြင်း၊ မျက်စိကြေးမျက်စိကဲ့သို့ရှိခြင်း၊ နှာမောင်း ဥဒေါင်းလည်ကဲ့သို့ရှိခြင်း၊ ကြာဝတ်ဆံကဲ့သို့ အရည်ညီညွတ်ခြင်း၊ ကိုယ်မွေးအဖျားငယ်ခြင်း၊ နားကားကြာဖက်ကဲ့သို့ရှိခြင်း၊ အအိပ်နည်းခြင်း၊ ရဲရင့်ခြင်းတို့က သက်သေပြနေပါသည်။ တစ်ဖန် ဖြူစင်းသော အသားအရေရှိခြင်းကြောင့် ဆင်ဖြူလေးမျိုးတွင် ပုဏ္ဏရိက်ကြာဖြူကဲ့သို့ ဖြူစင်းစွာသောအသားအရေရှိသဖြင့် ပုဏ္ဏရိကဆင်အမျိုးတွင် ပါဝင်သည်ဟုလည်း ဆိုနိုင်ပေသည်။ ခြုံငုံသုံးသပ်ရပါလျှင် ယခုစတုတ္ထမြောက်ပေါ်ထွန်းလာသော ဆင်ဖြူတော်သည် ကောင်းမြတ်သော ကြန်အင်လက္ခဏာနှင့် ပိုမိုပြည့်စုံသော၊ အလုံးစုံဖြူစင်၍ အဆင်းအရည်ပိုမိုရှုဖွယ်၊ ကြည်ညိုဖွယ်ရှိသော ဆင်ဖြူတော်ရတနာဖြစ်နေပါသည်။ **ယခုကဲ့သို့ ဆင်ဖြူတော်ရတနာပေါ်ထွန်းလာမှုသည် နိုင်ငံတော်ကြီးအေးချမ်းသာယာပြီး ဘေးဥပဒ်အန္တရာယ် ရန်အသွယ်သွယ်တို့မှ ကင်းစင်ပပျောက်မည့် အတိတ်ကောင်း ဖြစ်သကဲ့သို့ ဆန်ရေစပါး၊ ရွှေ ငွေ၊ ကျောက်သံ၊ ပတ္တမြားပေါများကြွယ်ဝကာ ပြည်ထောင်စုကြီးအပါအဝင် ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး အဘက်ဘက်မှ ယခုထက်ပိုမို၍ ဖွံ့ဖြိုးတိုးတက်မည့် နိမိတ်ကောင်းတို့ကို ပေါ်ပေါက်စေသည့်အတွက် ကျက်သရေမင်္ဂလာရှိသော သတင်းကောင်းပင် ဖြစ်ပါသည်။**

နိဂုံးချုပ်ဆိုရပါလျှင် လိုချင်တိုင်းလည်းမရ၊ "တ"တိုင်းလည်းမဖြစ်၊ ခေတ်တိုင်းလည်းမပေါ်၊ မျှော်တိုင်းလည်းမလာ၊ ရှာတိုင်းလည်းမတွေ့သည့် ဆင်ဖြူတော်ရတနာများသည် ပြည်မြန်မာတစ်လွှားတွင် ကြည်သာလန်းရွှင်စွာဖြင့် ဆင်ဖြူတော်ရတနာဥယျာဉ်အသီးသီးဝယ် တင့်တယ်စွာ တည်ရှိနေသည့် အခါသမယသည် ဆောင်းပါး၏ အစပိုင်းတွင် တင်ပြခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သမိုင်းအလှည့်အပြောင်းကာလနှင့် ထူးဆန်းလှစွာ တိုက်ဆိုင်နေသည့်အတွက်ကြောင့်လည်း ဒီမိုကရေစီနိုင်ငံတော်သစ်ဆီ ချီတက်မည့် ခရီးလမ်းသည် တိုင်းပြည်ရော၊ လူမျိုးအတွက်ပါ အေးချမ်းသော၊ သာယာသော၊ ဘေးကင်းသော အတိတ်နိမိတ်ကောင်းများနှင့်အတူ ရွှေပြည်တော် မျှော်မဝေးတော့ပြီဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။





**ဆင်ဖြူတော်ရတနာ ဘဒ္ဒဝတီ**

ဆင်ဖြူတော်ရတနာ ဘဒ္ဒဝတီအား နိုင်ငံတစ်ဝန်းမှပြည်သူများ လာရောက်ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

# ဆင်ဖြူတော်ရတနာ ဘဒ္ဒဝတီအား ကြည့်ရှုလေ့လာသူများ ဆက်လက်လာရောက်

**နေပြည်တော် ဩဂုတ် ၁၃**

နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ဝတ္တကမြေအတွင်းရှိ ဆင်ဖြူတော်ရတနာဆောင်၌ အဖော်ဆင်များနှင့်အတူ နေထိုင်လျက်ရှိသော ဆင်ဖြူတော်ရတနာ **ဘဒ္ဒဝတီ**အား စတင်ရောက်ရှိသည့် ဩဂုတ် ၉ရက်မှစ၍ နေပြည်တော် ဒေသခံများသာမက နိုင်ငံတစ်ဝန်းလုံးမှ ဘုရားဖူးလာပြည်သူများ၊ ကျောင်းသားကျောင်းသူများ လာရောက်ကြည့်ရှု လေ့လာလျက်ရှိရာ ယနေ့တွင်လည်း ဥပ္ပါတသန္တိစေတီတော် ဝတ္တကမြေအတွင်း ကြည့်ရှုလေ့လာသူများ ဆက်လက်လာရောက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း သီးနှံကာကွယ်ရေး လုပ်ငန်းများဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၁၃**

သီးနှံကာကွယ်ရေး လုပ်ငန်းများဆိုင်ရာ ဆွေးနွေးပွဲကို ဩဂုတ် ၁၁ရက်နှင့် ၁၂ရက်တို့တွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းနှင့် အထွေထွေမန်နေဂျာများ၊ ပြည်နယ်နှင့်တိုင်းများမှ သီးနှံကာကွယ်ရေးတာဝန်ခံများနှင့် သီးနှံကာကွယ်ရေးလုပ်ငန်းများဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆွေးနွေး**

အဆိုပါ ဆွေးနွေးပွဲတွင် သီးနှံစိုက်ပျိုးချိန်ကာလတစ်လျှောက် ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေး၊ လယ်ယာဖျက်ကြွက်များ နှိမ်နင်းရေးနည်းလမ်းများ၊ ကြွက်ဘိနှင့် ထောင်ချောက်များ ပြုလုပ်၍ လက်တွေ့အသုံးပြုရေး၊ သီးနှံနှင့်အစားအစာများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ တမာပိုးသတ်ဆေးကို ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲခြင်းဖြင့် ပိုးသတ်ဆေးဘေးအန္တရာယ် လျော့နည်းရေး၊ ခြင်ဆေးခွေထုတ်လုပ်ရေး လုပ်ငန်းများတွင် ပိုးသတ်ဆေးဥပဒေနှင့်အညီ ဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## စာအုပ်စာပေ လူ့မိတ်ဆွေ

* *ကျောဖုံးမှ*

ထို့အပြင် မြေအောက်ရေရရှိရေး အစီအမံများဖြစ်သည့် ရေလျှံတွင်းများ၊ စက်ရေတွင်းများ တူးဖော်ပေးနိုင်ခြင်းကြောင့်လည်း ကျေးလက်ဒေသနေပြည်သူများ သောက်သုံးရေ ဖူလုံသည့်အပြင် စိုက်ပျိုးရေးအတွက်ပါ အကျိုးပြုနေကြောင်း သိရသည်။

**စိမ်းလန်းသာယာ**

မြန်မာ့အလင်းသတင်းအဖွဲ့သည် မကြာမီက ပျော်ဘွယ်မြို့နယ်သို့ ရောက်ရှိခဲ့ရာ ရေလျှံတွင်းများဖြင့် စပါးစိုက်ပျိုး အောင်မြင်ဖြစ်ထွန်းနေမှုများကို လေ့လာခွင့် ရခဲ့ပါသည်။ ပျော်ဘွယ်မြို့နယ်သည် မြန်မာနိုင်ငံ အလယ်ပိုင်း မိုးနည်းရေရှားရပ်ဝန်းတွင် ပါဝင်သော်လည်း ရေလျှံတွင်းများ တူးဖော်ပေးနိုင်မှုကြောင့် စိမ်းလန်းသာယာလျက်ရှိသည်။ ရေလျှံတွင်းများမှ ရရှိသောရေဖြင့် စပါးအပြင် အခြားသီးနှံများလည်း စိုက်ပျိုးထားသည်။ ငွေချည်(၆) ချည်မျှင်ရှည်ဝါနှင့် ငရုတ်စိုက်ပျိုးမှုသည် ဒေသခံတောင်သူများ၏ အဓိကစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။

မြေအောက်ရေလုပ်ငန်းဖြစ်သည့် ရေလျှံတွင်းများဖြင့် စပါးစိုက်ပျိုးရေး အောင်မြင်စွာ ဆောင်ရွက်လုပ်ကိုင်နေမှုများနှင့်စပ်လျဉ်း၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစန်းငွေက ဤသို့ ရှင်းပြသည်။



**"ပျော်ဘွယ်မြို့နယ်မှာ စက်ရေတွင်းတွေ၊ ရေလျှံတွင်းတွေ တူးဖော်ပေးနေတာကြောင့် စပါးစိုက်ပျိုးရေရရှိရေးအတွက် များစွာ အထောက်အကူပြုနေပါတယ်။"**

ဦးမျိုးမင်း
မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ။



**"စက်ရေတွင်းတွေ တူးဖော်ပေးနိုင်တာကြောင့် ကျေးလက်ဒေသနေ ပြည်သူတွေ သန့်ရှင်းတဲ့ သောက်သုံးရေရရှိနေပါတယ်။"**

ဦးစန်းငွေ
ဥက္ကဋ္ဌ၊ ပျော်ဘွယ်မြို့နယ်
အေးချမ်းသာယာရေးနှင့်
ဖွံ့ဖြိုးရေးကောင်စီ။

**တူးဖော်အသုံးပြု**

"ကျွန်တော်တို့ ပျော်ဘွယ်မြို့နယ်မှာ စက်ရေတွင်းတွေ၊ ရေလျှံတွင်းတွေ တူးဖော်ပေးနိုင်တာကြောင့် ကျေးရွာတွေမှာ သောက်သုံးရေအဆင်ပြေတဲ့အပြင် စိုက်ပျိုးရေအတွက်ပါ ရရှိနေပါတယ်။ ဒီရေလျှံတွင်းနဲ့ စက်ရေတွင်းတွေကို အဓိကအားဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနနဲ့ နယ်စပ်စည်ပင်တို့က တူးဖော်ပေးနေတာ ဖြစ်ပါတယ်။ နယ်စပ်စည်ပင်က ကျေးရွာရေရရှိရေးအတွက် စက်ရေတွင်းများ တူးဖော်ပေးနေသလို ရေအရင်းအမြစ်အသုံးချရေး



**ပျော်ဘွယ်မြို့နယ် တွင်းကျေးရွာ၌ တောင်သူ ဦးစိုးညီ၏ လယ်မြေတွင် စပါးစိုက်ရန် ရေလျှံတွင်းမှ ရေတင်ထားသည်ကို ဤသို့ တွေ့ရသည်။**

ဦးစီးဌာနက စိုက်ပျိုးရေးအတွက် တွင်းတိမ်စက်ရေတွင်းများနဲ့ တွင်းနက်စက်ရေတွင်းများ တူးဖော်ပေးလျက်ရှိပါတယ်။ ယခုဆိုရင် ကျေးရွာတိုင်းနီးပါး စက်ရေတွင်းတွေ ရှိနေပါပြီ။ ယခုအထိ တွင်းပေါင်း ၅၀ တူးဖော်အသုံးပြုလျက်ရှိပါတယ်။ ၂၀၁၀-၂၀၁၁ ခုနှစ်မှာလည်း ထပ်မံ၍ တွင်း ၅၀ တူးဖော်ပေးနိုင်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်"ဟု ဦးစန်းငွေက မြန်မာ့အလင်းသို့ ရှင်းပြသည်။

**တိုးတက်ပြောင်းလဲလာ**

တစ်ဖန် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးမျိုးမင်းကလည်း "ကျွန်တော်တို့ ပျော်ဘွယ်မြို့နယ်မှာ စက်ရေတွင်းများ၊ ရေလျှံတွင်းများ တူးဖော်ပေးနိုင်ခဲ့တာကြောင့် စပါးစိုက်ပျိုးအောင်ရေ ရရှိရေးအတွက် များစွာ အထောက်အကူပြုနေပါတယ်။ ဒါ့အပြင် ကျွဲ၊ နွားတိရစ္ဆာန်များ သောက်သုံးရေအတွက်ပါ အဆင်ပြေနေပါတယ်။ ယခုဆိုရင် ကျွန်တော်တို့ ပျော်ဘွယ်မြို့နယ်မှာ ရေလျှံတွင်းတွေ တူးဖော်ပေးနိုင်ခဲ့တာကြောင့် စိုက်ပျိုးရေးလုပ်ငန်း အဆင်ပြေလာတဲ့အပြင် လူမှုစီးပွားဘဝ တိုးတက်ပြောင်းလဲလာကြပါတယ်"ဟု ရှင်းပြသည်။

**စိုက်ပျိုးရေပေးဝေနိုင်**

ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနသည် ကျေးလက်ဒေသများ သောက်သုံးရေရရှိရေးနှင့် စိုက်ပျိုးရေရရှိရေးအတွက် တွင်းတိမ်စက်ရေတွင်း ၂၉၇၉တွင်းနှင့် တွင်းနက် ၅၀၃၃တွင်းကို ၂၀၀၉-၂၀၁၀ခုနှစ်အထိ တူးဖော်ပေးနိုင်ခဲ့သည်။ ယခုအခါ ဤတွင်းတိမ်၊ တွင်းနက်စက်ရေတွင်းများ တူးဖော်ပေးနိုင်ခဲ့မှုကြောင့် စိုက်ပျိုးမြေဧက ၉၈၃၃၅ဧကကို စိုက်ပျိုးရေပေးဝေနိုင်ပြီ ဖြစ်ကြောင်း သိရသည်။

**အထောက်အကူပြု**

သို့ပါ၍ နိုင်ငံတစ်ဝန်း ကျေးလက်ဒေသများ စက်ရေတွင်းများ တူးဖော်ပေးနိုင်ခဲ့မှုကြောင့် ကျေးလက်ဒေသနေပြည်သူများ သောက်သုံးရေ ဖူလုံစွာ ရရှိနေသည့်အပြင် စိုက်ပျိုးရေးလုပ်ငန်းများအတွက်ပါ အထောက်အကူပြုလျက်ရှိပါကြောင်း ဧစ္ဆရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**



**ပျော်ဘွယ်မြို့နယ် တွင်းကျေးရွာ၌ ရေလျှံတွင်းရေဖြင့် စိုက်ပျိုးထားသော စပါးခင်းကို ဤသို့ တွေ့ရသည်။**



## စက်ရေတွင်းတူးဖော်

**ပျော်ဘွယ်မြို့နယ် အေးသာယာကျေးရွာအနီး ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက စက်ရေတွင်း တူးဖော်ပေးနေမှုကို ဤသို့ တွေ့ရသည်။**

# မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ
## အစီရင်ခံစာပြုစုရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဩဂုတ် ၁၃

(၁၂)ကြိမ်မြောက် မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာပြုစုရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၀ရက် မွန်းလွဲ ၂နာရီက နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပရာ **(အောက်ပုံ)** မြန်မာနိုင်ငံလူ့အခွင့်အရေးအဖွဲ့ဝင် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာပြုစုရေး လုပ်ငန်းကော်မတီဝင်များ၊ အစီရင်ခံစာပြုစုရေးအဖွဲ့ဝင်များ၊ အဖွဲ့အစည်းများနှင့် ဆက်ဆံရေးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

### ဝိုင်းဝန်းကြိုးပမ်း

ရှေးဦးစွာ မြန်မာနိုင်ငံလူ့အခွင့်အရေးအဖွဲ့ဝင် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် ယခုအခါ မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာ ပထမမူကြမ်း ပြုစုပြီးဖြစ်ပါကြောင်း၊ အစီရင်ခံစာမူကြမ်းကို အတည်ပြုရေး၊ အင်္ဂလိပ်ဘာသာပြန်ဆိုရေးနှင့် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီသို့ အချိန်မီ ပေးပို့ရေးတို့ကို ဆက်လက်ဆောင်ရွက်သွားရန်ရှိပါကြောင်းဖြင့် ပြောကြားသည်။

### ညှိနှိုင်းဆွေးနွေး

ထို့နောက် မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာပြုစုရေးအဖွဲ့က ပြုစုထားသည့် အစီရင်ခံစာ ပထမမူကြမ်းကို အစည်းအဝေးတက်ရောက်လာသူများက ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးကြပြီး မြန်မာနိုင်ငံလူ့အခွင့်အရေးအဖွဲ့ဝင် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်က နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





# နေပြည်တော်၌ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများ
## ဝန်ကြီးဒေါက်တာချမ်းငြိမ်း လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၃

**ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်းသည် ယမန်နေ့ နံနက် ၇နာရီခွဲက နေပြည်တော်ပျဉ်းမနား အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းသို့ရောက်ရှိပြီး ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများဖြစ်သည့် ကျောင်းသား ကျောင်းသူများအား အာဟာရကျွေးမွေးနေမှု၊ ကျန်းမာရေးစစ်ဆေးကုသမှု၊ ကျောင်းကျန်းမာရေး ပညာပေးနံရံကပ်စာစောင် ခင်းကျင်းပြသ ထားမှု၊ အရပ်တိုင်းခြင်း၊ ပေါင်ချိန်ခြင်းဆောင်ရွက်နေမှု၊ သန့်လေးသန့်အကြောင်းဟောပြောခြင်းနှင့် သရုပ်ပြသီဆိုမှုများကို လှည့်လည် ကြည့်ရှုအားပေးရာ ကျောင်းကျန်းမာရေးတာဝန်ခံ ဆရာဝန်များက ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို ဆွေးနွေး မှာကြားဖြည့်ဆည်းပေးသည်။**

ထိုမှတစ်ဆင့် နေပြည်တော် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းကျန်းမာရေးပညာပေး ပြခန်းများကို လှည့်လည်ကြည့်ရှုကာ ကျောင်းသား ကျောင်းသူများအား သန်ချဆေး တိုက်ကျွေးသည်။

### မှာကြားဖြည့်ဆည်း

ဆက်လက်၍ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ် လုပ်ငန်းစဉ်(၅)ရပ်ဖြစ်သော ကျောင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း၊ ကျောင်း ကျန်းမာရေးနှင့် စစ်ဆေးကုသရေးလုပ်ငန်း၊ ကူးစက်ရောဂါ ကာကွယ်ရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးပညာပေးလုပ်ငန်းနှင့် ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေး လုပ်ငန်း ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှု ပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြား ဖြည့်ဆည်းပေးသည်။ **(အပေါ်ပုံ)**

### လှည့်လည်ကြည့်ရှု

ထိုမှတစ်ဆင့် နေပြည်တော် အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းကျန်းမာရေးသီတင်း ပတ်လုပ်ငန်းစဉ်(၅)ရပ်လှုပ်ရှားဆောင်ရွက် မှုလုပ်ငန်းများနှင့် ကျောင်းကျန်းမာရေး သီတင်းပတ် ပညာပေးပြခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည် များ ဆွေးနွေးမှာကြား ဖြည့်ဆည်းပေးခဲ့ ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မိုးရာသီ ဘောလုံးပြိုင်ပွဲ
## ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုမိန်းမြို့၌ကျင်းပ

လင်းခေး ဩဂုတ် ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း)လင်းခေးခရိုင် ဟိုမိန်းမြို့၌ ၂၀၁၀ခုနှစ် မိုးရာသီ ဟိုမိန်းဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဟိုမိန်းမြို့ မြို့နယ်အားကစားကွင်း၌ ဩဂုတ် ၉ ရက် ညနေ ၃ နာရီက ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးရဲနိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမောင်မောင်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

### ဆုများချီးမြှင့်

အစီအစဉ်အရ ဗိုလ်လုပွဲအဖြစ် ဟိုမိန်းဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်သာချောင်ချိရေးအဖွဲ့အသင်းနှင့် အမှတ်(၃)ရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဟိုမိန်းဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်သာချောင်ချိရေးအဖွဲ့အသင်းက အနိုင်ရရှိသည်။ ထို့နောက် ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ အမှတ် (၁)ရပ်ကွက်ဥက္ကဋ္ဌ ဦးယွက်ခေးက အသန့်ရှင်းဆုံးနှင့် စိတ်ဓာတ်အကောင်းဆုံးဆု ရရှိသော မြို့နယ်ရဲတပ်ဖွဲ့အသင်းအားလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမောင်မောင်က ဒုတိယရရှိသော အမှတ်(၃)ရပ်ကွက်အသင်း အားလည်းကောင်း၊ ဟိုမိန်းဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်သာချောင်ချိရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခွန်တိုးအောင်က ပထမဆုရရှိသော ဟိုမိန်းဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်သာချောင်ချိရေးအဖွဲ့အသင်းအားလည်းကောင်း တစ်ဦးချင်း ဆုများချီးမြှင့်ကြသည်။

ဆက်လက်ပြီး ဒုတိယဗိုလ်မှူးကြီးရဲနိုင်က ပထမရရှိသောအသင်းအား ဆုဖလား ချီးမြှင့်ပေးအပ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

**မုဒုံမြို့နယ် ကော့ပရံကျေးရွာ ရွာချင်းဆက် သစ်သားတံတားကို ပြန်လည်ပြုပြင်နိုင်ရန် မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအေးဆွေ ဇူလိုင်၂၅ရက်က ကွင်းဆင်း စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွန်းတို့က ရှင်းလင်းတင်ပြစဉ်။**
(မြို့နယ်စည်ပင်)



# ကျေးရွာစာကြည့်တိုက်ဆောက်လုပ်မှု
## စစ်တွေမြို့နယ်၌ ကွင်းဆင်းစစ်ဆေး

**စစ်တွေ ဩဂုတ် ၁၃**

စစ်တွေခရိုင် စစ်တွေမြို့နယ် မောင်နီပြင်ကျေးရွာ အားသစ်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ် ဆောက်လုပ်နေမှုကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်မြသန်းနှင့် ဒုတိယဦးစီးမှူးဦးသိန်းတန်အောင်တို့ ဩဂုတ် ၁၀ရက်က သွားရောက်စစ်ဆေးခဲ့ကြသည်။ **(ဝဲပုံ)**



### ရှင်းလင်းတင်ပြ

ထို့နောက် အဆိုပါ စာကြည့်တိုက် အဆောက်အအုံသစ် ဆောက်လုပ်ပြီးစီးမှု အခြေအနေနှင့် ကျေးရွာမှ စေတနာရှင် အလှူရှင်များက ဝိုင်းဝန်းပံ့ပိုးမှု အခြေအနေများကို ကျေးရွာဥက္ကဋ္ဌ ဦးခင်ထွန်းနှင့် စာကြည့်တိုက် ဆောက်လုပ်ရေးကော်မတီ အဖွဲ့ဝင်များက ရှင်းလင်း တင်ပြကြသည်။ ခရိုင်ဦးစီးအရာရှိက စာကြည့်တိုက် ဆောက်လုပ်မှုမှာ ၈၀ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်၍ စာကြည့်တိုက် အဆောက်အအုံသစ်ပြီးစီးပါက စာအုပ်စာစောင်များ၊ ပရိဘောဂများရရှိရေး ဆောင်ရွက်ရန် ဆွေးနွေး ပြောကြားခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

# အလိမ္မာ စာမှာရှိ

# သတင်းအချက်အလက် မြေပုံစနစ်သင်တန်း
## လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်ခ်၌ဖွင့်လှစ်မည်

credent technology

**ရန်ကုန် ဩဂုတ် ၁၃**

Myanmar Credent Technology က Geographic Information System(GIS) ပထဝီ သတင်းအချက်အလက် မြေပုံစနစ် သို့မဟုတ် ကွန်ပျူတာသုံး သတင်းအချက်အလက် မြေပုံစနစ်နှင့် Remote Sensing (RS) အဝေးမှ စူးစမ်းလေ့လာသောစနစ် Certificate Course သင်တန်း(၁/၂၀၁၀)ကို ဩဂုတ်၁၇ရက်တွင် ရန်ကုန်မြို့ လှိုင်မြို့နယ် Myanmar Info-Tech အဆောင်(၁) အခန်း(၄)ရှိ e-Learning Center ၌ ရက်သတ္တ ၁၀ပတ်ကြာ ဖွင့်လှစ် သင်ကြားပို့ချမည်ဖြစ်သည်။ အပတ်စဉ်အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့တိုင်း ညနေ ၅ နာရီမှ ၆ နာရီခွဲအထိ သင်တန်းသား ၂၀အား သင်ကြားပို့ချမည်ဖြစ်သည်။

သင်တန်းကာလမှာ ဩဂုတ် ၁၇ရက်မှ အောက်တိုဘာ၂၁ရက်အထိဖြစ်ကာ စာရွက်စာတမ်းကြေးအပါအဝင် သင်တန်းကြေး ကျပ်တစ်သိန်းပေးသွင်းရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်း၊ ကျောင်းသား၊ MCPA အသင်းဝင်များ၊ MES အသင်းဝင်များအား သင်တန်းကြေး ၁၀ရာခိုင်နှုန်း Discount ပေးမည်ဖြစ်သည်။

### စာရင်းပေးသွင်းနိုင်

သင်တန်းတက်ရောက်လိုသူများသည် Myanmar Credent Technology အဆောင်(၁) အခန်း(၇) Myanmar Info-Tech လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၆၅၂၂၈၅ နှင့် ၆၅၂၂၈၆တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကမာရွတ် အထက(၅)
## ပညာရည်ချွန်ဆုချီးမြှင့်

**ရန်ကုန် ဩဂုတ် ၁၃**

အထက(၅) ကမာရွတ်၏ ၂၀၀၉-၂၀၁၀ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်အစည်းအဝေးနှင့် ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၇ရက်က ကျင်းပရာ သဘာပတိ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးဇော်၊ မြို့နယ်ပညာရေးမှူးနှင့်ကျောင်းအကျိုးတော်ဆောင်တို့က အမှာစကားပြောကြားကြပြီး ဆုများ ချီးမြှင့်ခဲ့ကြသည်။ **(ယာပုံ)**



### အောင်ချက်

အထက(၅)ကမာရွတ်မှ ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ငါးဘာသာ ဂုဏ်ထူးကိုးဦး၊ လေးဘာသာဂုဏ်ထူး ၆၀၊ သုံးဘာသာဂုဏ်ထူး ၃၁ဦး၊ နှစ်ဘာသာ ဂုဏ်ထူး ၄၄ဦး၊ တစ်ဘာသာ ဂုဏ်ထူး ၇၂ဦး ရရှိပြီး အောင်ချက်ရာခိုင်နှုန်းမှာ ၇၄ဒသမ ၃၄ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။ **(ပညာရေး)**

# ပရီမီယာလိဂ် လိုက်ကာအဖွင့်....

❖ စုစည်းရေးသားသူ - မောင်မောင်မြင့်ဆွေ ❖

❖ စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း) ❖

လန်ဒန် ဩဂုတ် ၁၃

**၂၀၁၀-၂၀၁၁ဘောလုံးရာသီရဲ့ ပရီမီယာလိဂ်ပွဲစဉ်(၁)ကို ဩဂုတ် ၁၄ရက် (ယနေ့)မှာ စတင်ကျင်းပတော့မှာ ဖြစ်ပါတယ်။ ဒီနှစ်ပရီမီယာလိဂ် လိုက်ကာအဖွင့်မှာ ထိပ်တန်းအသင်းကြီးတွေ တာထွက်ကောင်းကြဖို့အတွက် နိုင်ပွဲတွေရအောင်ကစားကြမှာမို့ ကြည့်ကောင်းမယ့်ပွဲတွေအဖြစ် မြင်တွေ့ကြရမှာဖြစ်ပါတယ်။ ဩဂုတ် ၁၄ရက်မှာ ပရီမီယာလိဂ်ပွဲစဉ်ပေါင်း ရှစ်ပွဲ၊ ဩဂုတ် ၁၅ရက်မှာ လီဗာပူးနဲ့အာဆင်နယ်၊ ဩဂုတ် ၁၆ရက်မှာ မန်ယူနဲ့ နယူးကာဆယ်တို့ စတင်ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ ဒါကြောင့် ပရီမီယာလိဂ်ပွဲစဉ်(၁)ရဲ့ ပွဲစဉ်အချို့ကို သုံးသပ်လိုက်တဲ့အခါ....။**

## ချယ်လ်ဆီးနှင့် ဝက်စ်ဘရွန်း

လက်ရှိပရီမီယာလိဂ်ချန်ပီယံ ချယ်လ်ဆီးအသင်းဟာ ပွဲဦးထွက် ဝက်စ်ဘရွန်းနဲ့ စတင်နွှဲရမှာမို့ ပွဲတော့ ချောင်နေပါတယ်။ ချယ်လ်ဆီးနည်းပြ အန်ဆယ်လော့တီက ပရီမီယာလိဂ်ဖလားကို ရအောင်ကာကွယ်မယ်လို့ ကြုံးဝါးထားပါတယ်။ ချယ်လ်ဆီးမှာ ဒရော့ဘာ၊ အနယ်လ်ကာ၊ အက်ဆီယံ၊ လမ်းပတ်၊ တယ်ရီတို့လို အမာခံကစားသမားတွေ ထုတ်သုံးဖို့ စီစဉ်မှာဖြစ်ပါတယ်။ ချယ်လ်ဆီးရဲ့ နောက်ဆုံးဘောလုံးပွဲ သုံးပွဲကစားခဲ့တဲ့ ရလဒ်ကိုကြည့်ရင် ကွန်မြူနတီဒိုင်းပြိုင်ပွဲမှာ မန်ယူကို သုံးဂိုး-တစ်ဂိုးနဲ့ ရှုံးခဲ့ပေမယ့် ဟမ်းဘတ်အသင်းနဲ့ ခြေစမ်းပွဲမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ခဲ့ပါတယ်။ ဖရန့်ဖွတ်ကလပ်နဲ့ ကစားတဲ့ပွဲမှာလည်း နှစ်ဂိုး-တစ်ဂိုးနဲ့ရှုံးခဲ့တဲ့ရလဒ်တွေရှိထားပါတယ်။ ဒီနှစ်မှာ ပေါင် ၁၈သန်းပေးပြီး ခေါ်ယူထားတဲ့ ရာမီရက်စ်ကို ပွဲဦးထွက်မှာထည့်သုံးမလားကြည့်ရမှာပါ။ ဝက်စ်ဘရွန်းနဲ့ဆုံတိုင်း ချယ်လ်ဆီးတို့နိုင်ပွဲရလေ့ရှိတာမို့ အခြေအနေကောင်းနဲ့ကြုံတွေ့ရပါလိမ့်မယ်။

## လီဗာပူးနှင့် အာဆင်နယ်

ပြိုင်ဘက်ကောင်းတွေ စောစောစီးစီး အဖွင့်ပွဲစဉ်မှာ ရင်ဆိုင်ကြုံတွေ့ခြင်း ဖြစ်ပါတယ်။ လီဗာပူးရဲ့ နောက်ဆုံး ခြေစမ်းပွဲရလဒ်တွေက နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြစ်ပြီး အာဆင်နယ်ကတော့ ခြေစမ်းပွဲတွေမှာ လီဂီရာဝါဆောကလပ်ကို ငါးဂိုး-ခြောက်ဂိုးနဲ့အနိုင်ရပြီး ဆဲလ်တစ်အသင်းကိုလည်း သုံးဂိုး-နှစ်ဂိုးနဲ့နိုင်ပွဲရရှိသလို အေစီမီလန်ကို တစ်ဂိုးစီ သရေပွဲကစားခဲ့ပါတယ်။ လီဗာပူးမှာ တောရက်စ်၊ ဂျရက်တို့ ပါဝင်ကစားမှာမို့ ပွဲထွက်အင်အား အပြည့်ခင်းကျင်းမှာ သေချာပါတယ်။ အိမ်ကွင်းမှာ ကစားရမှာမို့ လီဗာပူးတို့ အခွင့်အရေးသာနေပါတယ်။ အာဆင်နယ်အသင်းကတော့ ခြေစမ်းပွဲသုံးပွဲ နောက်ဆုံးကစားခဲ့တဲ့ ရလဒ်ကိုကြည့်ရင် ခြေစွမ်းကောင်းမွန်တာ တွေ့ရပါတယ်။ ဒီနှစ်ပွဲဦးထွက် ရလဒ်ကောင်းဖို့အတွက် အာဆင်နယ်နည်းပြ အာစင်ဝင်းဂါး စနစ်တကျ စီမံခင်းကျင်းမှာမို့ လီဗာပူးနဲ့ပွဲဟာ ခက်ခဲတဲ့ ပွဲစဉ်တစ်ခုပါပဲ။



မန်ယူနှင့် နယူးကာဆယ်

ရာသီအကြိုမှာ ကွန်မြူနတီဒိုင်းကို ပွဲဦးထွက်ရရှိခဲ့တဲ့ မန်ယူတို့ ဆုဖလား ဈေးဦးပေါက်သွားပြီဖြစ်ပါတယ်။ နွေရာသီမှာ နောက်ဆုံးခြေစမ်းပွဲ သုံးပွဲကစားခဲ့တဲ့နေရာမှာ အောစတားအသင်းကို ငါးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရပြီး အိုင်ယာလန်အိတ်ချ်အသင်းကို ခုနစ်ဂိုး-တစ်ဂိုးနဲ့ ဆက်တိုက်အနိုင်ရရှိခဲ့ပါတယ်။ ကစားသမား ထိထိရောက်ရောက် မဝယ်ခဲ့တာမို့ ဒီနှစ်ဘောလုံးရာသီမှာ မနှစ်က အင်အားတွေဖြစ်တဲ့ ရွန်နေ၊ ဘာဘာတော့ဗ်၊ ပေါလ်စခိုး၊ ဂစ်စတဲ့ ကစားသမားတွေနဲ့ပဲ ဖြတ်သန်းရမှာ ဖြစ်ပါတယ်။

နယူးကာဆယ်အသင်းကတော့ မန်ယူကို ခြေရည်တူကစားနိုင်တဲ့ ခြေစွမ်း သိပ်မရှိပါဘူး။ ဒါပေမယ့် တေလာက ဒဏ်ရာရရှိနေတာမို့ စမစ်၊ ဒေါ်နယ်လ်ဆင်နဲ့ ကမ့်ဘဲလ်တို့ကို အခိုက ကစားပွဲထွက်ကာ မန်ယူကို ရင်ဆိုင်ပါလိမ့်မယ်။ နယူးကာဆယ်အသင်းဟာ နော့ဝှစ်နဲ့ ခြေစမ်းပွဲကစားတဲ့အခါ နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးပြီး ရိန်းဂျားနဲ့ ခြေစမ်းပွဲမှာလည်း နှစ်ဂိုး-တစ်ဂိုးနဲ့ရှုံးခဲ့ပြန်ပါတယ်။ ကစားသမားစုစည်းမှုနဲ့ ပြင်ဆင်မှုအပိုင်းတွေမှာ လိုအပ်ချက်ရှိနေတာမို့ မန်ယူတို့ အဖွင့်ပွဲစဉ်မှာ ရလဒ်ကောင်းနဲ့ ကြုံတွေ့ရနိုင်ပါတယ်။

## စပါးနှင့် မန်စီးတီး

စပါးအိမ်ကွင်းမှာလည်းဖြစ်၊ အဖွင့်ပွဲစဉ်လည်းဖြစ်တာမို့ မန်စီးတီးတို့ သိပ်တော့မလွယ်ပါဘူး။ စပါးအသင်းဟာ ရာသီအကြို ခြေစမ်းပွဲတွေအဖြစ် ဘင်ဖီကာနဲ့ပွဲမှာ တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ခဲ့ပါတယ်။ ဒါပေမယ့် ဗီလာရီးရဲအသင်းနဲ့ ခြေစမ်းပွဲကစားတဲ့အခါ လေးဂိုး-တစ်ဂိုးနဲ့ ရှုံးပြီး စပို့တင်းလစ္စဘွန်းအသင်းနဲ့ ပွဲမှာတော့ နှစ်ဂိုးစီသရေပွဲ ဖြစ်ခဲ့ပါတယ်။ စပါးနည်းပြ ရက်နက်ဟာ ဒီဖိုး၊ ပါဗလူချင်ကိုတို့အားနဲ့ မန်စီးတီးကို ရင်ဆိုင်ဖို့ ကြိုးစားမှာဖြစ်ပါတယ်။ ပြုပြင်ပြောင်းလဲမှု၊ ဘောလုံးသမားအသစ်ခေါ်ယူမှုတွေနဲ့ အားဖြည့်ထားတဲ့ မန်စီးတီးတို့ အဖွင့်ပွဲစဉ်မှာ အခက်အခဲနဲ့ ဖြတ်ကျော်ရမှာပါပဲ။ မန်စီးတီးအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ရာသီအကြို ခြေစမ်းပွဲရလဒ်တွေကိုကြည့်ရင် ဗလင်စီယာအသင်းကို နှစ်ဂိုးပြတ်နိုင်ပြီး ဒေါ့မွန်အသင်းကိုတော့ သုံးဂိုး-တစ်ဂိုးနဲ့ ရှုံးခဲ့ပါတယ်။ အင်တာမီလန်နဲ့ ကစားတဲ့ပွဲမှာ သုံးဂိုးပြတ်နဲ့ ဆက်တိုက်ရှုံးခဲ့တာမို့ မန်စီးတီးရဲ့ ခြေစွမ်းက ထက်မြက်မှုတော့ ရှိမလာသေးပါဘူး။ ဒါပေမယ့် မန်စီးတီးနည်းပြ မန်စီနီဟာ ဒီပွဲမှာတော့ နိုင်ပွဲရအောင် ဗျူဟာခင်းကျင်းမှာမို့ ပရီမီယာလိဂ်လိုက်ကာအဖွင့်မှာ ဘယ်အသင်းတွေ ရလဒ်ကောင်းတွေနဲ့ တာထွက်နိုင်ကြမလဲဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ။

**ကိုးကား-အင်တာနက်**



# စီရိုနယ်ဒိုရဲ့ ပဟေဠိ

○ အာကာဟိန်း-ရေးသားသည် ○

မက်ဒရစ် ဩဂုတ် ၁၃

**ရီးရဲမက်ဒရစ်အတွက် ဒီနှစ်ဘောလုံးရာသီမှာ ဂိုးအများဆုံးသွင်းယူပေးမယ်လို့ ပြောကြားထားတဲ့ စီရိုနယ်ဒိုကို စောင့်ကြည့်မယ်လို့ နည်းပြမော်ရင်ဟိုက ဆိုထားပါတယ်။**

အသက် ၂၅နှစ်အရွယ်ရှိတဲ့ စီရိုနယ်ဒိုဟာ သူ့ရဲ့ အကောင်းဆုံး ခြေစွမ်းပြနိုင်တဲ့ အချိန်တွေကို မန်ယူနဲ့အတူ ဖြတ်သန်းခဲ့သလို အခု ရီးရဲမက်ဒရစ်နဲ့လည်း ဖြတ်သန်းနေပါတယ်။ ဒီနှစ်ဘောလုံးရာသီအကြို ခြေစမ်းပွဲတွေအဖြစ် ပါဝင်ကစားခဲ့တဲ့အခါ အကောင်းဆုံး ခြေစွမ်းပြကစားထားနိုင်လို့ မော်ရင်ဟိုကတော့ စီရိုနယ်ဒိုကို ယုံကြည်စိတ်ချနေပါတယ်။

၂၀၁၀ခုနှစ် ဖောဘတ်မဂ္ဂဇင်းက ပြုစုခဲ့တဲ့စာရင်းအရ ကမ္ဘာ့ဝင်ငွေအကောင်းဆုံး အားကစားသမားတွေထဲမှာ စီရိုနယ်ဒိုဟာ ဝင်ငွေ ၃၅ဒသမ၈သန်းနဲ့ နံပါတ် ၁၃နေရာမှာ ရပ်တည်နေပါတယ်။ လုပ်ခလစာ၊ ကြော်ငြာနဲ့ အရပ်ရပ် ဝင်ငွေတွေကြောင့် ဝင်ငွေသောက်သောက်လဲရရှိနေတဲ့ ကမ္ဘာကျော် ဘောလုံးသမားတစ်ဦးပါပဲ။ စီရိုနယ်ဒိုဟာ ပြီးခဲ့တဲ့ ဇူလိုင်လက သတင်းထောက်တွေနဲ့ ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့မှာ တွေ့ဆုံတဲ့အခါ သူဟာ ဖခင်တစ်ဦးဖြစ်တော့မယ်လို့ ပြောကြားခဲ့တာမို့ မီဒီယာတွေမှာ အလုအယက် ဖော်ပြခဲ့ကြပါတယ်။ ဒါပေမယ့် ကလေးရဲ့မိခင် ဘယ်သူဆိုတာကို ထုတ်ဖော်မပြောခဲ့ပါဘူး။

ရီးရဲမက်ဒရစ်ကလပ် ခြေစမ်းပွဲအဖြစ် အမေရိကန်ကလပ် အယ်လ်အေဂလက်စီနဲ့ ဩဂုတ် ၇ရက်က ကစားတဲ့ပွဲအပြီးမှာ စီရိုနယ်ဒိုဟာ အမေရိကန် နယူးယောက်မြို့ကို ခရီးထွက်ခဲ့ပြန်ပါတယ်။ အဲဒီခရီးစဉ်မှာ ဘေးကလိုက်ပါလာသူကတော့ သူလက်ရှိ တွဲနေတဲ့ အီရီနာဆိုတဲ့ ရုရှားမော်လ်ဒယ်နဲ့ပါပဲ။ အီရီနာဟာ အသက် ၂၄နှစ်အရွယ်ရှိပြီး ချောမောလှပတဲ့ မော်ဒယ်လ်တစ်ဦး ဖြစ်ပါတယ်။ စီရိုနယ်ဒိုနဲ့ တွဲနေတာဟာ တစ်နှစ်ကျော်ပြီဖြစ်လို့ စီရိုနယ်ဒိုပြောတဲ့ ရင်သွေးငယ်ရဲ့ မိခင် ဖြစ်နိုင်ပါတယ်လို့ အများက ကောက်ချက်ပြုနေကြပါတယ်။ နယူးယောက်မြို့မှာတော့ စီရိုနယ်ဒိုနဲ့ အီရီနာတို့ဟာ ဈေးဝယ်တာ၊ အပျော်စီးရေယာဉ်စီးတာတွေနဲ့ အပန်းဖြေခရီးထွက်ခဲ့ခြင်း ဖြစ်ပါတယ်။ သတင်းထောက်တွေက အီရီနာနောက်က တကောက်ကောက်လိုက်ပြီး မေးမြန်းတဲ့အခါ ကလေးရဲ့မိခင်ဟာ သူမဟုတ်ဘူးလို့ ငြင်းခဲ့ပါတယ်။ စီရိုနယ်ဒိုရဲ့ ကလေးဟာ ပြီးခဲ့တဲ့ ဇူလိုင်၃ရက်က မွေးဖွားခဲ့တယ်လို့ ဆိုပေမယ့် မိခင်ဘယ်သူဆိုတာ တရားဝင်ထုတ်ဖော်မပြောသေးပါဘူး။

ဒါပေမယ့် အီရီနာကတော့ စီရိုနယ်ဒိုကို သူချစ်မြတ်နိုးကြောင်း၊ မိမိဘဝနဲ့ယှဉ်ပြီး ချစ်ကြောင်း၊ ဒါ့အပြင် ပေါ်တူဂီနိုင်ငံကိုလည်း သဘောကျကြောင်း၊ လာမယ့်ခရစ္စမတ် မတိုင်မီ လက်ထပ်ဖြစ်မယ်လို့ မျှော်မှန်းထားကြောင်းတွေကိုတော့ ပြောကြားနေပြန်ပါတယ်။ စီရိုနယ်ဒိုဟာ ဇူလိုင် ၃ရက်က မွေးခဲ့တဲ့ သူ့ရဲ့ရင်သွေးအတွက် ပြုစုစောင့်ရှောက်ဖို့ အမေရိကန်ဒေါ်လာ ၁၀သန်းပေးခဲ့တယ် ဆိုပါတယ်။ ကလေးအမည်ကိုလည်း ခရစ္စတင်းနိုရိုနယ်ဒိုဂျူနီယာဆိုတဲ့ အမည်ပေးထားပါတယ်။

စီရိုနယ်ဒိုကတော့ ရင်သွေးရဲ့ မိခင် ဘယ်သူဆိုတာ အခုအချိန်ထိ ထုတ်ပြောသေးတာမဟုတ်လို့ အားကစားထူးချွန်ပေမယ့် လူ့သဘော သဘာဝအရ လူမှုရေး၊ အချစ်ရေးတွေနဲ့လည်း မကင်းတဲ့သူတစ်ဦး ဖြစ်နေပါကြောင်း။ ။

**(အင်တာနက်)**





စီရိုနယ်ဒိုနှင့် အီရီနာ။

# အက်စ်တွန်ဗီလာနည်းပြ ဘယ်သူဖြစ်လာမလဲ

မြင့်မောင်စိုး - စုစည်းရေးသားသည်



*အဲရစ်ဆင်*



*ဆောက်ဂိတ်*

လန်ဒန် ဩဂုတ် ၁၃

**အက်စ်တွန်ဗီလာအသင်းအနေဖြင့် ပရီမီယာလိဂ် ဒုတိယပွဲမစတင်မီ နည်းပြမာတင်အိုနေးလ် နေရာအတွက် နည်းပြသစ်ခန့်အပ်နိုင်ရန် မျှော်လင့်ထားသည်။**

**အဆိုပါ ကလပ်မှ အသက် ၅၈နှစ်ရှိ နည်းပြမာတင်အိုနေးလ် ဩဂုတ် ၉ရက်က ရုတ်တရက် နုတ်ထွက်ခဲ့ပြီးနောက် နည်းပြသစ်တစ်ဦး အမြန်ဆုံး လိုက်လံရှာဖွေနေသည်။ အသင်းပိုင်ရှင် ရန်ဒီလာနာက အင်္ဂလန်နည်းပြဟောင်း အဲရစ်ဆင်နှင့် အက်စ်တွန်ဗီလာ နည်းပြဟောင်း ဂါးရက်ဆောက်ဂိတ်တို့ထဲမှ တစ်ဦးဦးကို နည်းပြခန့်အပ်တာဝန်ပေးရန် စိတ်ဝင်စားနေသည်။**

**အက်စ်တွန်ဗီလာအသင်းသည် ဩဂုတ် ၁၄ရက် ပရီမီယာလိဂ်အဖွင့်ပွဲစဉ်တွင် ဝက်စ်ဟမ်းအသင်းကို လက်ခံကစားရမည်ဖြစ်သည်။ ဩဂုတ် ၂၂ရက်တွင် နယူးကာဆယ်အိမ်ကွင်းသို့ သွားရောက်ကစားရမည်ဖြစ်သည်။** (အင်တာနက်)

# ဂျူဗင်းတပ်စ်မှပေါလ်ဆင် လီဗာပူးတွင်သုံးနှစ်ကစားမည်



**လန်ဒန် ဩဂုတ် ၁၃**

လီဗာပူးက ဒိန်းမတ်လက်ရွေးစင် ဘောလုံးသမား ခရစ္စတီယန်ပေါလ်ဆင်အား အီတလီစီးရီးအေကလပ် ဂျူဗင်းတပ်စ်မှ ပြောင်းရွှေ့ကြေး ပေါင် ၄ ဒသမ ၅သန်းဖြင့် သုံးနှစ်စာချုပ် ချုပ်ဆိုလိုက်သည်။

အသက် ၃၀အရွယ်ရှိ ကွင်းလယ်ကစားသမား ပေါလ်ဆင်အား မန်နေဂျာရွိုင်းဟော့ဆင်က အင်န်ဖီးလ်မှထွက်ခွာရန်ကြိုးစားနေသည့် မာရှေယာနိုနေရာတွင် အစားထိုးဖွယ်ရှိသည်။

ပေါလ်ဆင်သည် ယခုနှစ်နွေရာသီက ခေါ်ယူခဲ့သော ဒန်နီဝီလ်ဆင်၊ ဂျွန်ဂျိုရှယ်လ်ဗေး၊ မီလန်ဂျိုဗန်နိုဗစ်၊ ဂျိုကိုးလ်တို့နှင့်အတူ ပွဲထွက်ကစားရမည်ဖြစ်သည်။ ပေါလ်ဆင်သည် ရှော်လ်ကေး၊ ဆီဗီလာကလပ်များတွင်လည်း ကစားခဲ့သည်။ ဒိန်းမတ်အသင်းအတွက် ပွဲပေါင်း ၇၇ပွဲပါဝင်ကစားပေးနိုင်ခဲ့သည်။ **(အင်တာနက်)**

# ခံစစ်မှူးကာဗယ်ဟို ရီးရဲသို့ရောက်ပြီ



မက်ဒရစ် ဩဂုတ် ၁၃

**ချယ်လ်ဆီးမှ ဗဟိုခံစစ်မှူး ကာဗယ်ဟိုသည် ရီးရဲမက်ဒရစ်နှင့် စာချုပ်မှု ပြီးစီးသွားပြီ ဖြစ်သည်။**

**ပေါ်တူဂီနိုင်ငံသား ကာဗယ်ဟိုသည် ပြောင်းရွှေ့ကြေးပေါင် ၆ဒသမ ၇သန်းဖြင့် ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့ပြီး နှစ်နှစ်စာချုပ်လိုက်သည်။ အသက် ၃၂နှစ်ရှိ ကာဗယ်ဟိုအား ချယ်လ်ဆီးနည်းပြဟောင်း မော်ရင်ဟိုက ဆက်သွယ်ခေါ်ယူရန် ကြိုးစားခဲ့ခြင်း ဖြစ်သည်။ ကာဗယ်ဟိုသည် မော်ရင်ဟို ပေါ်တိုအသင်းကို ကိုင်တွယ်စဉ်ကလည်း ပေါ်တို ကစားသမားဖြစ်ခဲ့သည်။ ၎င်းသည် ၂၀၀၄ခုနှစ်က ပေါ်တိုအသင်းမှ ချယ်လ်ဆီးသို့ ပေါင် ၁၉ဒသမ၈သန်းဖြင့် ပြောင်းရွှေ့လာခြင်း ဖြစ်သည်။ ၎င်းသည် ချယ်လ်ဆီးနှင့်အတူ ပရီမီယာလိဂ်ဖလားနှစ်လုံး ဆွတ်ခူးပေးနိုင်ခဲ့သည်။** (အင်တာနက်)

# ဖူလ်ဟမ်ဂိုးသမားမတ်ခ်ရှဝါဇာ အာဆင်နယ်သို့ပြောင်းရန် ကြိုးစားနေ



**လန်ဒန် ဩဂုတ် ၁၃**

ဖူလ်ဟမ်ဂိုးသမား မတ်ခ်ရှဝါဇာသည် အာဆင်နယ်သို့ ပြောင်းရွှေ့လို၍ အသင်းမှ ထွက်ခွာခွင့်ပြုရန် တောင်းဆိုလိုက်သည်။

အာဆင်နယ်က မတ်ခ်ရှဝါဇာအား လွန်ခဲ့သည့်လက ဆက်သွယ်ထားသည်။ သို့သော် ဖူလ်ဟမ်က ပြောင်းရွှေ့ကြေး ပေါင်လေးသန်းတောင်းဆိုလိုက်၍ အာဆင်ဝင်းဂါး၏ စိတ်ဝင်စားမှုမှာ သွေးအေးသွားသည်။

အသက် ၃၇နှစ်အရွယ်ရှိ မတ်ခ်ရှဝါဇာသည် နိုင်ငံကိုယ်စားပြု ပြိုင်ပွဲမှ ပြန်လာပြီးနောက် နည်းပြသစ် မတ်ခ်ဟုချ်နှင့် ဆွေးနွေးနေသည်။ **(အင်တာနက်)**

14-8 (12).pmd 1 8/14/2010, 3:08 AM

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်များစာရင်း အချပ်ပိုပါရှိ

ယနေ့ထုတ်မြန်မာ့အလင်းသတင်းစာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ်(၈၈/၂၀၁၀)ဖြင့် သတ်မှတ်ကြေညာသည့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်များစာရင်း အချပ်ပို တစ်မျက်နှာ ပါရှိပါသည်။

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၃-၈-၂၀၁၀

| | |
|---|---|
| သံတောင်ကြီးမြို့ | ၃ ဒသမ ၅၄ လက်မ |
| ကြို့ပင်ကောက်မြို့ | ၂ ဒသမ ၇၆ လက်မ |
| ကျိုက်မရောမြို့ | ၂ ဒသမ ၄၄ လက်မ |
| မော်လမြိုင်မြို့ | ၂ ဒသမ ၃၆ လက်မ |
| ဟသ်ာတမြို့ | ၂ ဒသမ ၃၂ လက်မ |
| စစ်တွေမြို့ | ၂ ဒသမ ၂၄ လက်မ |
| သိမ်ဇရပ်မြို့ | ၂ ဒသမ ၂၄ လက်မ |



ပျော်ဘွယ်မြို့နယ် လျှော်ဖြူကုန်းကျေးရွာအနီးရှိ ဦးဇော်မင်းဦး၏ လယ်မြေတွင် ရေလျှံတွင်းမှ ရေဖြင့် စပါးစိုက်ပျိုးရန် ရေတင်နေသည်ကို ဤသို့ တွေ့ရသည်။

## သောက်သုံးရေနှင့် စိုက်ပျိုးရေအတွက် အားထားရသော ပျော်ဘွယ်မြို့နယ်မှ စက်ရေတွင်းများနှင့် ရေလျှံတွင်းများ

သတင်းခရီးသည်-မြင့်မောင်စိုး ➤ ဓာတ်ပုံမှတ်တမ်း-အောင်သန်း(မင်္ဂလာတောင်ညွန့်) ➤ စာမျက်နှာဖွဲ့စည်းမှု-လဲ့လဲ့ဝင်း(မြန်မာ့အလင်း)

နေပြည်တော် ဩဂုတ် ၁၃

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများသည် မိုးခေါင်ရေရှားရပ်ဝန်းဖြစ်သည့်အလျောက် သောက်သုံးရေနှင့် စိုက်ပျိုးရေ လုံလောက်စွာရရှိရန် နည်းလမ်းအသွယ်သွယ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရလက်ထက်တွင် ဆည်တမံများနှင့် မြစ်ရေတင်စီမံကိန်းများ အကောင်အထည်ဖော် တည်ဆောက်ပေးနိုင်ခဲ့၍ သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ✳